# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၉)၊ အမှတ်(၁၃၄)၊ ၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၆ ရက်၊ ၂၁-၄-၂၀၂၆၊ အင်္ဂါနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (မဓ္ဓပဒ)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား

## အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ ထည့်သွင်းပြောကြား

နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၃ သို့ ✰

**ယနေ့ ဖတ်စရာ အညွှန်း**


၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဘွန်ဒက်လီဂါ ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်း ဆွတ်ခူး — စာမျက်နှာ ၁၁

မန္တလေးတွင် အိမ်သုံးဆိုလာချပ်များ ဝယ်လိုအားကောင်းနေ — စာမျက်နှာ ၁၂

ဆိုစကားရယ် ချိုသာစွာကွယ် (ဆောင်းပါး) — စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၀

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်ပါသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်ပါသည်။

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပါသည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်ပါသည်။

မိုး/ဧလ

၂၀၂၆ ခုနှစ်၊ ဧပြီ ၂၁ ရက်၊ အင်္ဂါနေ့။

## ထူးတင့်ပြည့်စုံ လကဆုန်

ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် လတကာတို့တွင် ကဆုန်လကို မွန်မြတ်သောလဟု တင်စားခေါ်ဝေါ်ကြသည်။ အကြောင်းကား ဗုဒ္ဓရှင်တော်မြတ်ဘုရားသည် ကဆုန်လမှာပင် (၁) ဖွားမြင်တော်မူခဲ့သည်။ (၂) ဘုရားအဖြစ်သို့ ရောက်တော်မူခဲ့သည်။ (၃) ဗုဒ္ဓဝင်အကျဉ်း ဟောတော်မူခဲ့သည်။ (၄) ပရိနိဗ္ဗာန်စံဝင်တော်မူခဲ့သည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်အပေါင်းတို့သည် ကဆုန်လကို လတကာလတို့ထက် အလေးအနက်ပြုကြလျက် လေးစားရိုကျိုး မြတ်နိုးကြသည်။

မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များအနက် ညောင်ရေသွန်းပွဲတော်သည် ကဆုန်လပြည့်နေ့တွင် ကျင်းပသောပွဲတော်ဖြစ်သည်။ "သင်္ကြန်တာကျူး နှစ်ဦးညောင်ရေ စာပလွေခင်း ပဋ္ဌာန်းတော်ခံ"ဟူသော အဆိုအတိုင်း ညောင်ရေသွန်းပွဲတော်ကျင်းပရာ လထူးလမြတ်သည် ကဆုန်လဖြစ်သည်။ ဗုဒ္ဓဘာသာဝင်တို့၏ ထူးမြတ်သောပွဲတော်လည်းဖြစ်သည်။ ကဆုန်လမှာ နွေရာသီတွင် ကျရောက်သောကြောင့် ပူပြင်းလှသည်။

ကဆုန်လပြည့်နေ့သည် ထူးခြားသော ဝိသေသလက္ခဏာများဖြင့် ပြည့်စုံလှသည်။ "ဗျာဒိတ်၊ ဖွားမြင်၊ ဗောဓိပင်၊ စံဝင် နိဗ္ဗာန်နန်း" ဟူသော စကားနှင့်အညီ နေ့ထူးနေ့မြတ်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားဖွားမြင်တော်မူသောနေ့မှာ ကဆုန်လပြည့်နေ့ဖြစ်သည်။ ဘုရားဖြစ်တော်မူသည့်မှာလည်း ကဆုန်လပြည့်နေ့ဖြစ်သည်။ ပရိနိဗ္ဗာန်စံတော်မူသည်မှာလည်း ကဆုန်လပြည့်နေ့ဖြစ်သည်။ မြတ်စွာဘုရားနှင့်သက်ဆိုင်သော အကြောင်းအရာများကို မှတ်သားမိစေရန် ညောင်ရေသွန်းလောင်းပွဲကိုကဆုန်လပြည့်နေ့တွင် ပြုလုပ်ကြသည်။

ဘုရားအလောင်းတော် သုမေဓာရှင်ရသေ့အား ဘဒ္ဒကမ္ဘာတွင် လေးဆူမြောက်ဖြစ်သည့် ဂေါတမအမည်ဖြင့် ဘုရားစင်စစ် ဧကန်ဖြစ်လိမ့်မည်ကို ဒီပင်္ကရာမြတ်စွာဘုရားက နိယတဗျာဒိတ်ကို ကဆုန်လပြည့်နေ့မှာ ပေးခဲ့၍ ကဆုန်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်နေ့ ဖြစ်လာသည်။

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့ပြီး မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဘုရားအလောင်း သိဒ္ဓတ္ထမင်းသားသည် ဗောဓိပင်ရင်း၌ သဗ္ဗညုတဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခဲ့သည်။ မဟာသက္ကရာဇ် ၁၄၈ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင်မူ မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်၌ ပရိနိဗ္ဗာန်စံတော်မူခဲ့သဖြင့် ဗုဒ္ဓဘာသာသမိုင်းတွင် ဤကဲ့သို့သော ထူးခြားချက်များကြောင့် ဗျာ၊ ဖွား၊ ပွင့်၊ စံ၊ ဤလေးတန်၊ မှတ်ရန် "ဗုဒ္ဓနေ့"ဟု အဆိုရှိခဲ့သည်။

ထေရဝါဒဗုဒ္ဓသာသနာတော် အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲစေခြင်းငှာ ဗုဒ္ဓပူဇနိယပွဲတော်များကိုလည်း စဉ်ဆက်မပြတ် ထိန်းသိမ်းကာ ကုသိုလ်ပြုဆောင်ရွက်ခဲ့ကြသည့် ကောင်းမှုများအနက် ပရိဘောဂစေတီထိုက်သည့် မဟာဗောဓိပင်အား ပူဇော်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ဂေါတမမြတ်စွာဘုရားရှင် ဒေသစာရီကြွချီတော်မူခိုက် မြတ်စွာဘုရားကိုယ်စား သဗ္ဗညုတဉာဏ်ရရှိရန် ကျေးဇူးများခဲ့သည့် ဖွားဖက်တော်ဗောဓိပင်အား စိုက်ပျိုးပူဇော်ကြလျှင် ငါဘုရားကို ပူဇော်ခြင်းနှင့်အတူတူပင်ဖြစ်သည်ဟု မိန့်တော်မူချက်အရ သာဝတ္ထိပြည်သူပြည်သားများ မဟာဗောဓိပင်အား ပရိဘောဂစေတီအဖြစ် စိုက်ပျိုးကိုးကွယ်ရန် စီစဉ်ခဲ့ကြသည်။

သို့ဖြစ်ရာ မြတ်စွာဘုရားသည် သဗ္ဗညုတရွှေဉာဏ်တော်ကို ရတော်မူရန်အတွက် ဗောဓိပင်အား အမှီပြုကာ တရားအားထုတ်ခဲ့သဖြင့် ထူးတင့်ပြည့်စုံသည့် ကဆုန်လတွင် ကုသိုလ်ကောင်းမှုများ ပြုလုပ်နိုင်ရေးအတွက် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ညောင်ဦးမြို့နယ်၌ ကျေးရွာနေ ပြည်သူများ သောက်သုံးရေ ဖူလုံစေရန် ရေလှူဒါန်း

**ညောင်ဦး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့ ရတနာဘုံစံတောရမဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ယမန်နေ့က ညောင်ဦးမြို့နယ် ဇီးအိုကျေးရွာနှင့် မြေသင်းတွင်းကျေးရွာသို့ သွားရောက်ပြီး ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။



ထိုသို့ သောက်သုံးရေများ လှူဒါန်းပေးရာတွင် ပုဂံမြို့ ရတနာဘုံစံတောရမဓမ္မရိပ်သာကျောင်းတိုက်နာယက ဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းမှ အသင်းသား၊ အသင်းသူများက ဇီးအိုကျေးရွာရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၆၄၀၀ ၊ မြေသင်းတွင်းကျေးရွာ ဒေသခံပြည်သူများအတွက် ရေဂါလန် ၃၂၀၀၊ စုစုပေါင်း ရေဂါလန် ၉၆၀၀ အား ကျေးရွာနေပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရန် အိမ်ထောင်စု၊ လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့သည်။

ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ ရတနာဘုံစံတောရမဓမ္မရိပ်သာကျောင်းတိုက်နာယကဆရာတော် ဘဒ္ဒန္တသာဂရ ဦးဆောင်သော ဖြူစင်မေတ္တာနှင့် သုမင်္ဂလာရေလှူတော်အသင်းက မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေ အခက်အခဲမဖြစ်စေရန်နှင့် ဖူလုံစွာ သုံးစွဲနိုင်ရေးအတွက် ရပ်ဝေးရပ်နီးမှ စေတနာအလှူရှင်များ၏ ပံ့ပိုးကူညီမှုဖြင့် နေ့စဉ်ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

ရဲဝင်းနိုင်(ညောင်ဦး)

## သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဧပြီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့ နံနက်ပိုင်းက သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ သဘာဝဘေးကျရောက်လာချိန်တွင် ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်စသည့် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။



ထို့ပြင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေသည် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ်အစိုးရအဖွဲ့ (၃/၂၀၂၆)လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမမှ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့်အတူ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။ (ဝဲပုံ)

စိုင်းအောင်ဇော်လင်း

## မူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း(Main Course)ဖွင့်ပွဲ ကျင်းပ

**စစ်ကိုင်း ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၏ ၂၀၂၆ ခုနှစ် မူလတန်းပြ ဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း (Main Course) ဖွင့်ပွဲကို စစ်ကိုင်းပညာရေးတက္ကသိုလ်အားကစားခန်းမတွင် ယနေ့ နံနက် ၈ နာရီက ကျင်းပပြုလုပ်သည်။



ဖွင့်ပွဲသို့ စစ်ကိုင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းနှင့် အဖွဲ့ဝင်များ၊ စစ်ကိုင်းမြို့ရှိ အဆင့်မြင့်ပညာ တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာ အေးသက်သက်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပညာရေးဘွဲ့ ကျောင်းသူများက အချိန့်၏ တန်ဖိုးသီချင်းဖြင့် ကပြဖျော်ဖြေခဲ့ကြသည်။

အဆိုပါသင်တန်းတွင် သင်တန်းသားများအဖြစ် စစ်ကိုင်းခရိုင်အတွင်းရှိ အင်္ဂလိပ်စာ သင်ကြားသည့် မူလတန်းပြ ဆရာ၊ ဆရာမ ၁၀၀ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

(အောက်ဝဲပုံ)

အေးငြိမ်းစံ(ပြန်/ဆက်)

## သတင်းများ Online မှ တစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား **mdydailynewspaper@gmail.com** မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/၀၉-၇၅၁၁၇၀၁၁၉
၃၅လမ်းနှင့် ၇၁လမ်းထောင့်

# မိမိတို့နိုင်ငံ၏ ပညာရေးကဏ္ဍကိုမြှင့်တင်၍ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set) မြင့်မားလာအောင် ဆောင်ရွက်

- ❖ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများ ပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်
- ❖ လာမည့် ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည်
- ❖ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်

☆ ရှေ့ဖုံးမှ

### လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍသည် အရေးကြီး

ဦးစွာ နိုင်ငံတော်သမ္မတက အဖွင့်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေးသည် မိမိတို့အစိုးရအဖွဲ့၏ ပထမဆုံးအစည်းအဝေးဖြစ်ပြီး ငါးနှစ်တာကာလအတွက် လုပ်ဆောင်ရန်လိုအပ်သည်များကို ပြောကြားလိုကြောင်း၊ အမိကအားဖြင့် သမ္မတအဖြစ် ကျမ်းသစ္စာကျိန်ဆိုသည့်အချိန်တွင် မီဒီယာများ၏မေးမြန်းမှုအပေါ် မိမိအနေဖြင့် ပြန်လည်ဖြေကြားရာ၌ **တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရရှိရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို အလေးထား၍ ဦးစားပေးဆောင်ရွက်သွားမည်** ဟုပြောကြားခဲ့ကြောင်း၊ အလားတူ ပြည်သူများအား မှာကြားလိုသည်ကို မေးမြန်းခဲ့ရာ မိမိအနေဖြင့် **တိုင်းပြည်စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နေကြရန်နှင့် အလုပ်လုပ်ကြရန် တိုက်တွန်းလိုပါသည်**ဟု ပြန်လည်ဖြေကြားခဲ့ကြောင်း။

တိုင်းပြည်တည်ငြိမ်အေးချမ်းရန်နှင့် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်ဆိုသည့် အချက်အပေါ်မူတည်၍ မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတိုင်းရှိပြည်သူပြည်သားများအနေဖြင့် ၎င်းတို့၏အကျိုးကို ဖော်ဆောင်ပေးနိုင်မှုအပေါ်ကိုကြည့်၍ အစိုးရအဖွဲ့၏ တိုင်းပြည်အတွက်ဆောင်ရွက်မှုများကို ကြည့်ရှုကြခြင်းဖြစ်ကြောင်း၊ မိမိဦးဆောင်သည့် အစိုးရအဖွဲ့ကို ပါတီစုံဒီမိုကရေစီစနစ်နှင့်အညီ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲမှ ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန်အတွက် တာဝန်ရှိကြောင်း၊ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍများ တိုးတက်မြင့်မားအောင် ဆောင်ရွက်ပေးနိုင်ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးနိုင်ရန်အတွက် တစ်ဦးချင်း စီးပွားဘဝများ တိုးတက်ရေး၊ တိုင်းပြည်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးရမည်ဖြစ်ပြီး ဝင်ငွေများရရှိအောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ပညာရေးနှင့် ကျန်းမာရေးသည် အရေးကြီးကြောင်း။

မိမိတို့နိုင်ငံ၏ ပညာရေးကို ပြန်လည်ဆန်းစစ်ကြည့်မည်ဆိုပါက လွတ်လပ်ရေး မရမီကာလနှင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းဟူ၍ နှစ်ပိုင်းခွဲပြီး ကြည့်နိုင်ကြောင်း၊ လွတ်လပ်ရေးမဆုံးရှုံးမီကာလက စနစ်တကျသင်ကြားသည့် ပညာရေးစနစ် အားနည်းခဲ့ကြောင်း၊ ထိုအချိန်တွင် အခြားနိုင်ငံများ၌ စနစ်တကျဖြင့်သင်ကြားသည့် ပညာရေးစနစ်ကို ကျင့်သုံးနေကြပြီဖြစ်ကြောင်း၊ လွတ်လပ်ရေးဆုံးရှုံးပြီးချိန် နောက်ပိုင်းတွင်လည်း လွတ်လပ်ရေးရရှိရန်အတွက် ကြိုးပမ်းနေရသဖြင့် ပညာသင်ကြားမှုများ အားနည်းချက်ရှိခဲ့ကြောင်း၊ အလားတူ လွတ်လပ်ရေးရရှိပြီးအချိန်တွင်လည်း နိုင်ငံရေးအရ သဘောထားကွဲလွဲမှုနှင့် တိုင်းရင်းသားရေးပြဿနာများကြောင့် ပြည်သူများ ပညာသင်ကြားရေးအတွက် အခက်အခဲများရှိခဲ့သဖြင့် ပညာရေးအားနည်းချက်များရှိခဲ့ကြောင်း။

ထို့ကြောင့် နောက်ပိုင်းတွင် ပညာမတတ်သူ ပပျောက်ရေးအတွက် "အ"သုံးလုံး လှုပ်ရှားမှုများကို ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ထိုအချိန်တွင် ကျောင်းနေရာခိုင်နှုန်းမှာလည်း နည်းပါးခဲ့ကြောင်း၊ ကျောင်းပညာသင်ကြားရေးနှင့် ပတ်သက်၍ အဆိုပါအချိန်ကတည်းက လူများစုပညာရေးမှာ အားနည်းချက်များရှိခဲ့ကြောင်း၊ သို့သော် လူနည်းစုပညာရေးမှာ ကောင်းမွန်ခဲ့ပြီး နိုင်ငံတကာအဆင့်မီသည့် ပညာရှင်များလည်း ထွက်ပေါ်ခဲ့ကြောင်း၊ ယခုအချိန်တွင်လည်း သက်ဆိုင်ရာဘာသာရပ်များအလိုက် ကျွမ်းကျင်သည့် ပါရဂူဘွဲ့ရရှိသူများအထိများစွာရှိကြောင်း၊ အချို့ပါရဂူဘွဲ့များသည် ပြည်ပနိုင်ငံများမှရရှိခြင်းမဟုတ်ဘဲ ပြည်တွင်း၌ပင် အောင်မြင်သည့် ပါရဂူများဖြစ်ကြကြောင်း၊ အလားတူ ပြည်ပနိုင်ငံများ၌ ပညာတော်သင်သွားရောက်ပြီး D.Sc ဘွဲ့ရရှိသူများလည်း ရှိကြောင်း၊ ထို့ကြောင့် လူအများစုပညာရေးများ တိုးတက်လာစေရေး ပညာရေးနှင့်ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ပြီး မြှင့်တင်ပေးရန်လိုကြောင်း။

ယခင်က ပညာရေးနှင့်ပတ်သက်၍ အခြေခံပညာမူလတန်းအဆင့်အား မသင်မနေရစနစ်ဖြင့် ဆောင်ရွက်ခဲ့သော်လည်း လူတိုင်းအခြေခံပညာမူလတန်း တက်ရောက်သင်ကြားမှု မရှိခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ်တွင် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းကို ကောက်ယူရရှိခဲ့သည့် အချက်အလက်များအရ မိမိတို့နိုင်ငံ၏ ပညာရေးတွင် အားနည်းချက်များရှိသည်ကို တွေ့ရှိနိုင်ကြောင်း။

ထို့ကြောင့်နိုင်ငံတော်၏ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်တွင် KG+9 အထိ မသင်မနေရပညာရေးစနစ်အဖြစ် ပြောင်းလဲခဲ့ကြောင်း၊ နိုင်ငံတော်၏ ပညာရေးကဏ္ဍ တိုးတက်လာစေရေးအတွက် မိမိတို့အနေဖြင့် နိုင်ငံတော်ဘဏ္ဍာငွေများကို ပညာရေးကဏ္ဍတွင် ပိုမိုတိုးမြှင့်ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍ တိုးတက်ရေးအတွက် ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပညာရေးဝန်ကြီးဌာနအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၆ ဒသမ ၉၂ ရာခိုင်နှုန်း၊ အခြားဝန်ကြီးဌာနများရှိ ပညာရေးကဏ္ဍများ ပါဝင်ပါက နိုင်ငံတော်ဘဏ္ဍာငွေမှ ၉ ဒသမ ၂၂ ရာခိုင်နှုန်းကို အသုံးပြုသွားမည်ဖြစ်ကြောင်း၊ လာမည့် ဘဏ္ဍာရေးနှစ်တွင်လည်း ပညာရေးကဏ္ဍအတွက် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၀ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်အသုံးပြုသွားမည်ဖြစ်ပြီး လာမည့်တစ်နှစ်ကျော်တွင် နိုင်ငံတော်ဘဏ္ဍာငွေ၏ ၁၅ ရာခိုင်နှုန်းအထိ တိုးမြှင့်အသုံးပြုသွားမည် ဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်သည့် ငါးနှစ်တာကာလအတွင်း ၂၀ ရာခိုင်နှုန်းအထိ တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ခြင်းသည် နိုင်ငံတော်၏ အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း။

ပညာရေးအားနည်းချက်များကြောင့် အသိပညာများအားနည်းပြီး ကျန်းမာရေးသည်လည်း အားနည်းသည်ကိုတွေ့ရကြောင်း၊ အလားတူ အတတ်ပညာများ အားနည်းခြင်းကြောင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများရရှိမှု အားနည်းပြီး ဝင်ငွေနည်းပါးကာ အာဟာရပြည့်ဝစွာ စားသုံးနိုင်မှုမရှိသည်ကို တွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အားနည်းနေဆဲဖြစ်ကြောင်း၊ ထိုသို့ဖြစ်ရခြင်းများကို ပြန်လည်ဆန်းစစ်ကြည့်ပါက အဓိကအားဖြင့် စီးပွားရေးတိုးတက်မှုအားနည်းခြင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုမရှိခြင်းများမှ စတင်ခဲ့သည်ကိုတွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ပြုပြင်ဆောင်ရွက်သွားကြရန် လိုကြောင်း။

အားကစားကဏ္ဍမြှင့်မားလာရေးနှင့်ပတ်သက်၍ လူငယ်လူရွယ်များ၏ ကိုယ်လက်ကြံ့ခိုင်မှုများ တိုးတက်လာစေရေး ပညာသင်ကြားသည့်အရွယ်တွင် အခြေခံပညာကျောင်းများ၌ ကိုယ်လက်လှုပ်ရှားမှုများနှင့် အားကစားဆောင်ရွက်မှုများကို စနစ်တကျ လုပ်ဆောင်နိုင်အောင် ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရေးဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ လူငယ်လူရွယ်များ၏ စိတ်ဓာတ်၊ စည်းကမ်းများ ကောင်းမွန်လာစေရေးနှင့် ခံယူချက်များ ကောင်းမွန်လာစေရေးအတွက်လည်း ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ပညာရေးကဏ္ဍမြှင့်တင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းနေရာခိုင်နှုန်းများ မြင့်တက်လာစေရေးနှင့် တန်းစဉ်ကူးပြောင်းမှုများ လျော့နည်းမှုမရှိစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း။

ခေတ်အဆက်ဆက်တွင် စာသင်ကျောင်းများကို တိုးချဲ့ဖွင့်လှစ်ခဲ့ကြသော်လည်း အချို့အခြေခံပညာကျောင်းများသည် သတ်မှတ်ထားသည့်အဆင့်အလိုက် စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုမရှိကြသည်ကို တွေ့ရကြောင်း၊ အခြေခံပညာကျောင်းများတွင် ကျောင်းသား ကျောင်းသူများ အားကစားပြုလုပ်နိုင်ရန်အတွက် နေရာများရှိရန်လိုကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်းများအားလုံး သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်ကိုက်ညီအောင် ပြင်ဆင်ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြင်ဆင်ပေးမှုများကြောင့် လူငယ်များ၏ အခြေခံစိတ်ဓာတ်များ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း မျိုးချစ်စိတ်ဓာတ်ရှိသည့်၊ စည်းကမ်းကောင်းမွန်မှုရှိသည့် လူငယ်များကို အခြေခံပညာကျောင်းများမှ မွေးထုတ်ပေးသွားရန်လိုကြောင်း၊ နိုင်ငံ၏အနာဂတ်အတွက် အခြေခံပညာကျောင်းများမှစတင်၍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပညာရေး ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံအတွက် တန်ဖိုးအရှိဆုံးသော ရင်းနှီးမြှုပ်နှံမှုပင်ဖြစ်သဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေးအားနည်းမှုများကြောင့် အသိပညာအားနည်းမှုများ ဖြစ်ပေါ်လာသည့်အခါ နိုင်ငံရေးပြဿနာများ ဖြစ်ပေါ်လာသည်ကို ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲတွင် တွေ့ရှိနိုင်ကြောင်း၊ ၂၀၂၁ ခုနှစ်နောက်ပိုင်းတွင် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ပေါ်ပေါက်လာခဲ့ပြီး ၎င်းတို့အနေဖြင့် ထိုအချိန်က ရွေးကောက်ပွဲရလဒ်အပေါ် ကျေနပ်မှုမရှိဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအခြေအနေသို့ ရောက်ရှိလာခြင်းသည် မိမိတို့နိုင်ငံ၏ ပညာရေးအားနည်းချက်ကိုအသုံးချ၍ ပြည်တွင်း၊ ပြည်ပမှ နိုင်ငံရေးသမားများက ၎င်းတို့၏ အကျိုးအတွက် သွေးထိုးလှုံ့ဆော်၍ အသုံးချလုပ်ဆောင်ခဲ့ကြခြင်းကြောင့်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံ၏ပညာရေးကဏ္ဍကို မြှင့်တင်၍ နိုင်ငံသူ နိုင်ငံသားများ၏ စိတ်နေစိတ်ထား(Mind Set) ကို မြင့်မားလာအောင် ဆောင်ရွက်သွားရန်လိုကြောင်း။

အလားတူ ကျန်းမာရေးကောင်းမွန်ရန်အတွက် ပြည်သူများအနေဖြင့် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်ရန်လိုကြောင်း၊ ထိုသို့စားသုံးနိုင်ရန်အတွက် နေ့စဉ်ဝင်ငွေများ ရရှိနေရန်လိုကြောင်း၊ အလားတူ ဒေသအလိုက် အသား၊ ငါးများကို ဖူလုံစွာဖြင့် ထုတ်လုပ်နေရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံများ၊ တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးနေခြင်းဖြစ်ကြောင်း။

### နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ အားလုံးက ကျယ်ကျယ်ပြန့်ပြန့် မြော်တွေးဆောင်ရွက်

တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် စီးပွားရေးကောင်းမွန်ရန် လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့်စီးပွားရေးကို ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၃၁ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင် နေထိုင်ကြပြီး ၇၀ ရာခိုင်နှုန်းနီးပါးခန့်သည် ကျေးလက်တွင်နေထိုင်ကြကြောင်း၊ ထိုအထဲတွင် နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ သစ်တောနှင့်ရေထွက်ကုန်လုပ်ငန်းများကို လုပ်ဆောင်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ ဆင်းရဲမွဲတေမှုမှာ ဒေသတွင်းနိုင်ငံများတွင် မြင့်မားသည်ဟု ထုတ်ပြန်ချက်များအရ သိရှိရကြောင်း၊ ထိုအထဲတွင် ကျေးလက်နေပြည်သူများ၏ ဆင်းရဲမွဲတေမှု ပိုမိုများပြားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို မြှင့်တင်ဆောင်ရွက်ပေးမှသာ ၎င်းတို့၏ ဝင်ငွေများတိုးတက်လာပြီး လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ သို့မှသာ ဆင်းရဲမွဲတေမှုရာခိုင်နှုန်းများ ကျဆင်းလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စီးပွားရေးကို မြှင့်တင်ပေးရန်အတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အားပေးမြှင့်တင်ပေးသွားရန်လိုကြောင်း။

နိုင်ငံတော်အနေဖြင့် စိုက်ပျိုးမွေးမြူရေးနှင့်ပတ်သက်၍ လူသားအရင်းအမြစ်များ ရရှိရေးအတွက် အခြေခံပညာအလယ်တန်းများတွင် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အခြေခံဘာသာရပ်များသင်ကြားရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်းများကိုလည်း တိုးချဲ့ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း လူသားအရင်းအမြစ်ကောင်းများ ရရှိရေးနှင့် ပတ်သက်၍ အလေးထားပြီး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ

နိုင်ငံ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် ထုတ်ကုန်ပစ္စည်းများရရှိရမည်ဖြစ်ပြီး ထုတ်ကုန်ပစ္စည်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက် ဆောင်ရွက်သွားမည်ဆိုပါက ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်သကဲ့သို့ ပြည်ပပို့ကုန်များ တိုးမြှင့်ရရှိစေနိုင်ကြောင်း၊ ထုတ်ကုန်များကို ပိုမိုတင်ပို့နိုင်ခြင်းဖြင့် ပြည်ပဝင်ငွေများစွာရရှိနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုက မဖြစ်မနေမြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက်၌လည်း ဒေသအလိုက်ကုန်ထုတ်လုပ်မှုများ တိုးတက်အောင် ဝိုင်းဝန်းဆောင်ရွက်သွားကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် လိုအပ်သည့် သွင်းအားစုများရရှိရေးအတွက် နိုင်ငံတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ သွင်းအားစုများတွင် လိုအပ်သည့် ရေများလုံလောက်စွာရရှိရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး မြစ်ရေတင်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းစီမံကိန်းများကို ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် လျှပ်စစ်ဓာတ်အား ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ထိုကဲ့သို့နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရမည့် စီမံကိန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ချိန်တွင် ပြည်သူများအနေဖြင့်လည်း ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို အရှိန်အဟုန်ဖြင့်ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ပိုမိုတိုးတက်အောင်ဆောင်ရွက်ရာတွင် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းများသည် များစွာအရေးပါကြောင်း၊ အလားတူ သမဝါယမစနစ်ဖြင့် ကုန်ထုတ်လုပ်မှုများကိုလည်း တိုးတက်အောင် ဆောင်ရွက်သွားရန်လိုကြောင်း၊ MSME လုပ်ငန်းများကို သမဝါယမစနစ်ဖြင့် ဆောင်ရွက်၍ ရသကဲ့သို့ တစ်ဦးချင်းအနေဖြင့်လည်း ဆောင်ရွက်နိုင်ကြောင်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ကုန်ကြမ်း၊ အရင်းအနှီး၊ သွင်းအားစုများနှင့် လူသားအရင်းအမြစ်များ လိုအပ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကုန်ကြမ်းများကို ပြည်ပမှဝယ်ယူ၍ ဆောင်ရွက်ခြင်းထက် ဒေသတွင်းမှ ထွက်ရှိသည့် ကုန်ကြမ်းများကို အသုံးပြု၍ ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်နိုင်မည်ဆိုပါက များစွာအကျိုးဖြစ်ထွန်းစေနိုင်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် MSME လုပ်ငန်းများကို လေ့လာကြည့်မည်ဆိုပါက ဒေသတွင်းကုန်ကြမ်းများကို အသုံးပြုဆောင်ရွက်သည့် MSME လုပ်ငန်းများသည် ပိုမိုတိုးတက်လျက်ရှိသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ MSME လုပ်ငန်းများ တိုးတက်စေရေးအတွက် လိုအပ်သည့်ရင်းနှီးမတည်ငွေများကို နိုင်ငံတော်မှ ထုတ်ချေးပေးလျက်ရှိပြီး လိုအပ်သည့်ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း။

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပတ်သက်၍ လိုအပ်သည့် လူသားအရင်းအမြစ်များ ရရှိစေရေးအတွက်လည်း သိပ္ပံကျောင်းများမှတစ်ဆင့် သင့်တော်သည့် သိပ္ပံကျောင်းများကို တက္ကသိုလ်၊ ကောလိပ်အဆင့်မြှင့်တင်ခြင်းနှင့် တက္ကသိုလ်များ၊ Polytechnic သိပ္ပံများနှင့် တက္ကသိုလ်များကို တိုးချဲ့ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ အချိန်တိုအတွင်း အကျိုးဖြစ်ထွန်းစေနိုင်မည့် Quick Win များကို မိမိတို့အနေဖြင့် ဖော်ဆောင်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ အဓိကအရေးကြီးသည်မှာ အလုပ်လုပ်ရန်ဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ အနေဖြင့်လည်း အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးသွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင် ဝါစိုက်ပျိုးဖြစ်ထွန်းပြီး ဝါကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းသည် စဉ်ဆက်မပြတ်သည့် ကွင်းဆက်ကုန်ထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများကိုဖြစ်ပေါ်စေနိုင်သည့် စက်မှုကုန်ထုတ်လုပ်ငန်းပင်ဖြစ်ကြောင်း၊ ဝါထွက်ကုန်များမှတစ်ဆင့် ဝါ၊ ဝါဂွမ်း၊ ချည်မျှင်၊ အထည်အလိပ်လုပ်ငန်းများအထိ အဆင့်ဆင့်သော အလုပ်အကိုင်အခွင့်အလမ်းနှင့် ကုန်ထုတ်လုပ်မှုများကို ဖြစ်ပေါ်စေနိုင်ကြောင်း၊ အလားတူ သယံဇာတအများအပြားရှိပြီးဖြစ်သည့် ဝါး၊ ရော်ဘာတို့ကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကိုလည်း ဖွံ့ဖြိုးတိုးတက်အောင်မြင်အောင် ဆောင်ရွက်သွားမည်ဆိုပါက စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ကြောင်း၊ အလားတူ သရက်၊ ဒူးရင်း၊ ကြက်မောက်၊ ငှက်ပျောကောင်း၊ ကျွဲကောတို့အပါအဝင် ဥယျာဉ်ခြံမြေထွက်သီးနှံများကိုလည်း မိမိတို့အနေဖြင့် အဆင့်မြင့်ကုန်ထုတ်သီးနှံများအဖြစ် ထုတ်လုပ်နိုင်အောင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်မှုကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်ကြောင်း။

တိုင်းပြည်စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်ကျသည့် စိုက်ပျိုးရေးလုပ်ငန်းနှင့် စနစ်ကျသည့် မွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မိမိတို့ဒေသအတွက်လိုအပ်သည့် စားသောက်ကုန်များ ဖူလုံစွာရရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသတွင်း စားသုံးမှု ဖူလုံမှုမှတစ်ဆင့် နိုင်ငံတစ်ဝန်းလုံး ဖူလုံရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက အသား၊ ငါးများ၏ ကုန်ဈေးနှုန်းများသည်လည်း ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ မိမိအနေဖြင့် သွားလာရေးခက်ခဲသည့် ဒေသများသို့ ရောက်ရှိစဉ် ဒေသခံများနှင့်တွေ့ဆုံ၍ အသား၊ ငါးများဈေးနှုန်းကြီးမြင့်ရခြင်းနှင့် ပတ်သက်ပြီး မေးမြန်းခဲ့ရာ ၎င်းတို့အနေဖြင့် ဒေသတွင်း၌ မွေးမြူရေးလုပ်ငန်းများအား ပြင်ပမှတိရစ္ဆာန်အစာများဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေရသဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့်ဖြစ်သည်ကို သိရှိခဲ့ရကြောင်း၊ ၎င်းတို့အနေဖြင့် ဒေသတွင်းမှထွက်ရှိသည့် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ပြောင်း၊ ဆန်ကွဲ၊ ဖွဲ တို့ကို အခြေခံသည့် တိရစ္ဆာန်အစာများကို ထုတ်လုပ်၍ မွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်သွားမည်ဆိုပါက ဒေသတွင်းစားသုံးမှုကို ဖူလုံစေမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်ခြင်းများကိုလည်း လျှော့ချနိုင်စေမည်ဖြစ်ကြောင်း၊ ယေဘုယျအားဖြင့် ဝယ်လိုအားနှင့် ရောင်းလိုအားမမျှတခြင်း၊ ထုတ်လုပ်မှုကုန်ကျစရိတ် မြင့်မားခြင်းတို့ကြောင့် ကုန်ဈေးနှုန်း ကြီးမြင့်ရခြင်း ဖြစ်ကြောင်း။

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်နည်းပညာခေတ်ဖြစ်သဖြင့် နိုင်ငံတကာမျက်နှာစာတွင် ခေတ်နောက်ကျမကျန်ခဲ့စေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ အခြေခံလူတန်းစားများ ပညာရည်မြင့်မားစေရေး၊ ပညာရည်မြင့်မားသူများအနေဖြင့် အိုင်တီနည်းပညာနှင့်ပတ်သက်၍ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်ပြိုင်နိုင်ရေး မိမိတို့အနေဖြင့် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းနေခြင်းဖြစ်သဖြင့် မိမိတို့၏ လုပ်ဆောင်ချက်များအပေါ်တွင် အားပေးထောက်ခံကြသူများရှိသကဲ့သို့ ဝေဖန်ထောက်ပြပြောဆိုမည့် အတိုက်အခံများသည်လည်း ရှိလာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ မိမိတို့အနေဖြင့် တိုင်းပြည်နှင့် ပြည်သူလူထု အကျိုးအတွက် အမှန်တကယ် ကြိုးပမ်းအလုပ်လုပ်ကြရန်၊ အဂတိကင်းစွာဖြင့် လုပ်ဆောင်ကြရန်လိုကြောင်း။

**❝ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည် တည်ငြိမ်အေးချမ်းမှု မရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်း လုပ်သွား နောက်က အဖျက်လုပ်ငန်းတွေ ပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလို ဖြစ်နေမှာပေ့ါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ် ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကို တော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာ လည်း NCA လက်မှတ်ရေးထိုးထားတဲ့အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်း မပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ ပတ်သက်လို့ရှိရင် လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ် ❞**

### တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်နိုင်မည်

ငြိမ်းချမ်းရေးနှင့်ပတ်သက်၍ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံ၏ အချို့သော နေရာဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်မျိုးစုံကို ကျူးလွန်နေကြသည်ကို တွေ့ရှိရပြီး အများစုအနေဖြင့် ဆက်ကြေးများ၊ ဂိတ်ကြေးများတောင်းခံခြင်း၊ ဒေသအလိုက်မှ ထွက်ရှိသည့် သစ်တောသယံဇာတများ၊ မြေပေါ်မြေအောက် သယံဇာတများကို တရားမဝင် ထုတ်ယူ၍ ၎င်းတို့ကိုယ်ကျိုးအတွက် အသုံးပြုနေကြကြောင်း၊ ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုရလဒ်များအရ ဖြစ်ပေါ်လာသည့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးအရဖြေရှင်းခြင်းမပြုဘဲ လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းကို ရွေးချယ်ခဲ့ရာမှ ပေါ်ပေါက်လာခဲ့ကြခြင်းဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဒီမိုကရေစီနည်းလမ်းတကျပေါ်ပေါက်လာသည့် ရွေးချယ်ခံအစိုးရအနေဖြင့် နိုင်ငံတော်တွင် တာဝန်ထမ်းဆောင်နေပြီဖြစ်ကြောင်း၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့များအား တရားဥပဒေအတွင်းသို့ ဝင်ရောက်လာစေရေး ဖိတ်ခေါ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### အစိုးရအဖွဲ့အနေဖြင့်ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဆောင်ရွက်ပေးသွားမည့်ကိစ္စရပ်များ

ထို့နောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့ ရက်ပေါင်း၁၀၀ နှင့်ပတ်သက်၍ဦးစားပေးဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့် ပတ်သက်၍ ပြောကြားရာတွင် "ရက် ၁၀၀ ဆိုတော့ ဒီနေ့က ၂၀ ရက်ပေ့ါ၊ မှတ်ရလွယ်ပါတယ်။ ဇူလိုင်လ ၃၁ ရက်နေ့ကရက် ၁၀၀ လို့သတ်မှတ်လိုက်ပေ့ါ။ ဇူလိုင် ၃၁ ရက်နေ့ နောက်ဆုံးထားပြီးတော့ ရက် ၁၀၀ နဲ့ ပတ်သက်ပြီး ကျွန်တော် နည်းနည်းပြောချင်ပါတယ်။ ခုနက ပြောတဲ့ PDF နဲ့ပတ်သက်ပြီးတော့ PDF ကတော့ ကျွန်တော်တို့ ဒီတွေ့ဆုံဆွေးနွေးခြင်းနဲ့ ငြိမ်းချမ်းရေး အတွက် အလင်းဝင်ဖို့လည်း ပြောထားတာရှိပါတယ်။ အခုလည်း အလင်းဝင်တာတွေ အများကြီးရှိပါတယ်။ လပခနယ်မြေတို့၊ တပခ နယ်မြေတို့ဆိုရင် အလင်းဝင်ကြတာတွေအများကြီးပဲရှိတယ်။ လပခကတော့ပိုများတာပေ့ါ ရာနဲ့ချီပြီးတော့ ဝင်ကြတယ်။ ဒါထက်လည်း လာဖို့အတွက် သူတို့တောင်းဆိုနေတာတွေလည်း ရှိပါတယ်။ ကျွန်တော်တို့က ကြိုဆိုပါတယ်။ PDF နဲ့ပတ်သက်ပြီးတော့။ ရက်ပေါင်း ၁၀၀ အတွင်းမှာ လာပြီးတော့ ငြိမ်းချမ်းရေးအတွက် လာကြပါ။

EAO နဲ့ပတ်သက်ပြီးတော့ နှစ်ပိုင်းရှိပါတယ်။ တစ်ပိုင်းကတော့ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းထဲမှာ NCA လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့တွေရှိတယ်။ NCA လက်မှတ်ရေးထိုးထားခြင်း မပြုတဲ့အဖွဲ့တွေရှိတယ်။ အဲဒီတော့ ကျွန်တော် နှစ်ဖွဲ့လုံးကို ဖိတ်ခေါ်ပါတယ်။ NCA နဲ့ပတ်သက်တဲ့ ငြိမ်းချမ်းရေး လက်မှတ်မရေးထိုးထားတဲ့အဖွဲ့တွေ ကိုလည်း ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးဖို့အတွက် ဖိတ်ခေါ်ပါတယ်။ ဒါ လက်မှတ်မရေးထိုးထားတဲ့ အဖွဲ့ပေ့ါ။ မနက်ဖြန်ကျရင်လည်း ကျွန်တော်တို့ကြေညာချက်တွေထုတ်မှာဖြစ်ပါတယ်။ ဒါလေးကြိုပြီး ကျွန်တော် ပြောပါတယ်။ နောက်တစ်ခုက လက်မှတ်ရေးထိုးထားတာပေ့ါ လက်မှတ်ရေးထိုးထားပြီးတော့မှ ဒီငါးနှစ်အတွင်းမှာ တွေ့ဆုံခြင်းမပြုတဲ့အဖွဲ့တွေရှိတယ်။ ဥပမာအားဖြင့် KNU တို့၊ CNF တို့ ABSDF တို့ အဖွဲ့တွေ ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ဘာလုပ်ချင်လဲ ဆွေးနွေးဖို့တော့ ကျွန်တော်တို့ EAO တွေကို ဖိတ်ခေါ်ပါတယ်။ နောက်လက်မှတ် ရေးထိုးထားပြီးတော့မှ သဘောတူညီချက် ယူထားတာတွေရှိတယ်။ ဥပမာအားဖြင့်၄၃ ချက်သဘောတူညီထားတာရှိတယ်။ NCA လက်မှတ်ရေးထိုးပြီးတော့မှ ဆွေးနွေးခဲ့တဲ့အထဲမှာ Union Accord ရထားတဲ့ သဘောတူညီချက်တွေရှိတယ်။ အဲဒါကိုလည်း လာမယ့် ပြည်ထောင်စုလွှတ်တော်တွေမှာ တင်ပြပြီးတော့ အပိုင်းလိုက် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ခုနကပြောတဲ့ တွေ့ဆုံဆွေးနွေးခြင်းမပြုရသေးတဲ့ အဖွဲ့တွေလည်း တွေ့ဆုံဆွေးနွေးဖို့အတွက် ဇူလိုင်လ ၃၁ ရက်နောက်ဆုံးထားပြီးတော့ ဆွေးနွေးဖို့အတွက် ကျွန်တော်တို့ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့လည်း ငြိမ်းချမ်းရေးလိုချင်ပါတယ်။ တိုင်းပြည်တည်ငြိမ် အေးချမ်းမှုမရှိရင် ဖွံ့ဖြိုးရေးကိစ္စဆိုတာ ဘာမှလုပ်လို့ မရဘူး။ ငြိမ်းချမ်းရေးလုပ်မှသာ၊ တည်ငြိမ်အေးချမ်းမှု ရှိမှသာ ဖွံ့ဖြိုးရေးလုပ်ငန်းက လုပ်လို့ရတယ်။ ရှေ့က တည်ဆောက်ရေးလုပ်ငန်းလုပ်သွား နောက်က အဖျက်လုပ်ငန်းတွေ ပါလာလို့ရှိရင် သမင်မွေးရင်း၊ ကျားစားရင်း ဆိုသလိုဖြစ်နေမှာပေ့ါ။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ငြိမ်းချမ်းရေးမှာလည်း မဖြစ်နိုင်တာတွေ လျှောက်တောင်းဆိုပြီးတော့မှ ကိုယ့်အဖွဲ့အစည်း တည်တံ့ခိုင်မြဲရေးအတွက် လုပ်နေတယ်ဆိုလို့ရှိရင်တော့ မှားသွားမယ်။ ကျွန်တော်တို့အနေနဲ့လည်း လုပ်သင့်လုပ်ထိုက်တာတွေကိုတော့ နိုင်ငံတော်အနေနဲ့လည်း လုပ်ရမှာတွေ ရှိလာပါလိမ့်မယ်။ ဒါကြောင့် EAO တွေမှာလည်း NCA လက်မှတ် ရေးထိုးထားတဲ့အဖွဲ့တွေရော၊ NCA လက်မှတ်ရေးထိုးထားခြင်းမပြုတဲ့ အဖွဲ့တွေရော ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီးတော့ ဖိတ်ခေါ်ပါတယ်။ ဇူလိုင် ၃၁ ရက်နေ့ မတိုင်မီမှာ တွေ့ဆုံဆွေးနွေးမှုတွေ လုပ်ပါမယ်။ ဒီလိုပဲ PDF နဲ့ပတ်သက်လို့ရှိရင်လည်း ဒီကာလအတွင်းမှာ ဥပဒေဘောင်အတွင်း ဝင်လာကြဖို့ ဖိတ်ခေါ်ပါတယ်။ နိုင်ငံရေးအရလည်း ဘာမှ ခိုင်လုံတဲ့အကြောင်းပြချက်မဟုတ်ပါဘူး။ အဖွင့်မှာ ပြောခဲ့သလိုပဲ အသုံးချခံနေရလို့သာဖြစ်နေကြတာပဲဖြစ်ပါတယ်။ ဒါကြောင့် အသုံးချ မခံရအောင်နေကြဖို့ ပြောလိုပါတယ်။ "

စာမျက်နှာ ၅ သို့ ☆

☆ စာမျက်နှာ ၄ မှ

ယင်းနောက် နိုင်ငံတော်သမ္မတက အစိုးရအဖွဲ့အနေဖြင့် ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထား တိုးမြှင့်ရေး စီမံချက်အနေဖြင့် ချေးငွေများတိုးမြှင့်ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ သုံးသိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို နှစ်သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီ မုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ လယ်ယာသုံး စက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိတစ်ကဏ္ဍာပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍာပေးမည်ဖြစ်ကြောင်း၊ လမ်းပန်းဆက်သွယ်ရေးနှင့်ပတ်သက်၍ အနီးစခန်း လေဆိပ်အဆင့်မြှင့်တင်ခြင်းကို ပြီးပြတ်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပို့ကုန်နှစ်ဆတိုးမြှင့်ရေးနှင့်ပတ်သက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့ဆိပ်ကမ်း အာဏာပိုင်အနေဖြင့် သိုလှောင်ရုံများကို ဦးစားပေးအနေဖြင့် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ အလားတူ ရထားလမ်းများကောင်းမွန်ရေးအတွက် ရထားလမ်းများ အားလုံးကို တတ်နိုင်သရွေ့ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ မြစ်ကြီးနား-မိုးကောင်း-မိုးညှင်းရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်းများ၊ လမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဆက်သွယ်ရေးကဏ္ဍနှင့်ပတ်သက်၍ မိုဘိုင်းစခန်းအသစ် ၂၇ ခုကို ယခုရက် ၁၀၀ အတွင်း တိုးချဲ့ပေးသွားမည်ဖြစ်ကြောင်း၊ မိုဘိုင်းစခန်း ကိုးခု၌ 4 G LTE အဆင့်သို့ မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်း၊ ဆိုလာရေတင်စနစ်ဖြင့် သောက်သုံးရေနှင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် သုတေသနစွမ်းရည်မြှင့်တင်သည့် ရှေ့ပြေးတက္ကသိုလ်များကို တည်ဆောက်ပေးသွားမည်ဖြစ်ပြီး အဓိကအားဖြင့် Nay Pyi Taw State Academy ၊ ရန်ကုန်တက္ကသိုလ်၊ မန္တလေးတက္ကသိုလ်တို့တွင် Research and Activation များကို ရှေ့ပြေးတက္ကသိုလ်များအဖြစ် သတ်မှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာမည့် ၂၀၂၆-၂၀၂၇ ပညာသင်နှစ်မှစ၍ အလယ်တန်းပညာအဆင့်တွင်စက်မှုစိုက်ပျိုးရေးနှင့်မွေးမြူရေးပညာရပ်များကို ထည့်သွင်းသင်ကြားပေးသွားမည် ဖြစ်ကြောင်း၊ ပြည်သူ့နီတိနှင့် စာရိတ္တပညာရပ်များကိုလည်း အခြေခံပညာကျောင်းများတွင် အဓိကအနေဖြင့် လူငယ်များ အကျင့်စာရိတ္တမြင့်မားစေရေးအတွက် ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ဗလငါးတန်နှင့်ပြည့်ဝသည့်ကျောင်းများ ဖြစ်စေရေးအတွက် အခြေခံပညာကဏ္ဍတွင် Smart School နှင့် Football for School Program ကိုလည်း အားကစားရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့နှင့် ပေါင်းစပ်၍ ရက်ပေါင်း ၁၀၀ အတွင်း ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့အတွင်းရှိ ကျောင်းများ၌ Pilot Project အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူကြိုကျောင်းများကို အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်နှင့် ခရိုင်၊ မြို့နယ် ၅၀ တွင် ဒုတိယကျန်းမာရေးဦးစီးမှူးများ ခန့်အပ်၍ ကျန်းမာရေးမြှင့်တင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တို့ရှိ နှလုံးဆေးကုသရေးဌာနများတွင် လူနာတစ်သိန်းအတွက် နှလုံးရောဂါကာကွယ်ရေး အန္တရာယ်အကဲဖြတ်ပေးသည့် ဆေးကုသမှုများကို တရုတ်နိုင်ငံနှင့်ပူးပေါင်း၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သူနာပြုကျောင်းများကိုလည်း သူနာပြုသိပ္ပံများအဖြစ် အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ အခြားကဏ္ဍပေါင်းစုံ တိုးတက်ရေးအတွက်လည်း မိမိတို့အနေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့အစိုးရအဖွဲ့အနေဖြင့် တိုင်းပြည်အတွက် ကောင်းအောင် ဆောင်ရွက်ရာတွင် တစ်ဦးချင်း၏ ဖြတ်သန်းလာခဲ့သည့် အတွေ့အကြုံများဖြင့် ပေါင်းစပ်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံနှင့်ပြည်သူ့အကျိုးအတွက် ဖော်ဆောင်ပေးနိုင်ရန်လိုကြောင်း၊ တိုင်းပြည်အတွက်ကောင်းအောင် ဆောင်ရွက်သွားကြမည်ဟူသည့် စိတ်ဖြင့် ကြံစည်လုပ်ကိုင် ဆောင်ရွက်သွားကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အထွေထွေဆွေးနွေးတင်ပြကြရာတွင် ပြည်ထောင်စုဝန်ကြီးများနှင့် ကချင်ပြည်နယ် ဝန်ကြီးချုပ်တို့က ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြသည့် အမှာစာများ၊ MoU ၊ MoA စာချုပ်များ၊ တင်ဒါခေါ်ယူခြင်းများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ အသက် ၁၀ နှစ်ပြည့် ကလေးငယ်များအား နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ပေးမည့် အခြေအနေ၊ eID စာရင်းအချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားမည့် အခြေအနေနှင့် ဧရာဝတီမြစ်ဆုံ အသိပညာပေးရေးဆိုင်ရာကိစ္စရပ်များကို တင်ပြကြသည်။

တင်ပြချက်များအပေါ် နိုင်ငံတော်သမ္မတက ပြန်လည်သုံးသပ်ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာ၌ အမှာစာများတင်ပြရာတွင် အချက်အလက်များ ခိုင်ခိုင်မာမာတင်ပြကြရန်လိုကြောင်း၊ တင်ဒါများခေါ်ယူရာတွင်လည်း သတ်မှတ်ထားသည့် အရည်အသွေး စံချိန်စံညွှန်းကိုက်ညီရန်နှင့် အချိန်ကြန့်ကြာမှုမရှိစေရန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လုပ်ငန်းများဆောင်ရွက်ရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဖွံ့ဖြိုးမှုနောက်ကျနေသည့် ပြည်နယ်နှင့် တိုင်းဒေသကြီးများကို ဦးစားပေးပြီး ထုထောင်ရေးလုပ်ငန်းများ၊ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးကဏ္ဍများအပြင် သဘာဝဘေးအန္တရာယ်နှင့် ပဋိပက္ခများကြောင့် ထိခိုက်ပျက်စီးခဲ့ရသော အစိုးရအဆောက်အအုံ၊ လမ်း၊ တံတား၊ ဆက်သွယ်ရေးအခြေခံအဆောက်အအုံများကို ပြန်လည်ထူထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ငလျင်ကြောင့် ပျက်စီးသွားသည့် နိုင်ငံ့ဝန်ထမ်းအိမ်ရာ အဆောက်အအုံများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ပေးကြရန်လိုကြောင်းနှင့် နိုင်ငံတော်၏ဘဏ္ဍာငွေများကို အလေအလွင့်မရှိ ထိထိရောက်ရောက် အကျိုးရှိအောင် စနစ်တကျ သုံးစွဲသွားကြရန်လိုကြောင်း မှာကြားခဲ့ပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

> ✻ ယနေ့မှစ၍ ရက်ပေါင်း ၁၀၀ အတွင်း ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနအနေဖြင့် တောင်သူလယ်သမားများကို ချေးငွေနှုန်းထားတိုးမြှင့်ရေး စီမံချက်အနေဖြင့် ချေးငွေများ တိုးမြှင့်ထုတ်ပေးသွားမည်
>
> ✻ ဥပမာအားဖြင့် စပါး၊ ဂျုံ၊ ချည်မျှင်ရှည်ဝါတို့နှင့်ပတ်သက်၍ သုံးသိန်းအထိလည်းကောင်း၊ အခြားသီးနှံ ၁၈ မျိုးကို နှစ်သိန်းခွဲအထိလည်းကောင်း၊ ပန်းနှမ်း၊ ဆီ မုန်ညင်း၊ ဂုန်လျှော်တို့နှင့်ပတ်သက်၍ တစ်သိန်းခွဲအထိလည်းကောင်း တိုးမြှင့်ချေးပေးသွားမည်
>
> ✻ လယ်ယာသုံးစက်ကိရိယာချေးငွေနှင့်ပတ်သက်၍ ကျပ်သိန်း ၃၀၀၀ အထိ တစ်ကဏ္ဍာပေးမည်ဖြစ်ပြီး ကျပ်သိန်း ၃၀၀၀ အထက်ဖြစ်ပါက တစ်ကဏ္ဍာပေးမည်
>
> ✻ ရထားလမ်းများကောင်းမွန်ရေးအတွက် ရထားလမ်းများအားလုံးကို တတ်နိုင်သရွေ့ အဆင့်မြှင့်တင်ပေးသွားမည်ဖြစ်ပြီး လတ်တလောတွင် ရန်ကုန်-မန္တလေးလမ်း၊ ရန်ကုန်-မော်လမြိုင်လမ်း၊ ရန်ကုန်-ပြည်လမ်းတို့ကို အဆင့်မြှင့်တင်ပေးသွားမည်
>
> ✻ မြစ်ကြီးနား- မိုးကောင်း-မိုးညှင်းရထားလမ်း၌လည်း တံတားပြင်ဆင်ခြင်းများ၊ လမ်းပြင်ဆင်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရထားလမ်းများအပြင် ရထားစက်ခေါင်းများ၊ တွဲများ၊ စက်ရုံများ အဆင့်မြှင့်တင်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်

# ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဥပဒေအရာရှိအဆင့် - ၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းတွင် သရုပ်ပြတရားရုံး(Mock Court) ပို့ချနေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဧပြီ ၂၀

ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးသည် ဥပဒေရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ဥပဒေအသိပညာပြန့်ပွားရေး သင်တန်းကျောင်း (Legal Advocacy Center)၌ ဖွင့်လှစ်လျက်ရှိသည့် ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်) များလုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၆)တွင် သရုပ်ပြတရားရုံး(Mock Court) ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံသားတိုင်းဥပဒေ၏အကာအကွယ်ကို အညီအမျှရရှိစေရန်၊ မှားယွင်းပြီး အပြစ်စီရင်ခြင်းမခံရစေရန်၊ ပြစ်မှုနှင့် ပြစ်ဒဏ်မျှတပြီး တိတိကျကျ မှန်မှန်ကန်ကန် မြန်မြန်ဆန်ဆန် စီရင်နိုင်စေရန်၊ တရားရုံးများ ဖြောင့်မတ်မှန်ကန်စေရေး ဦးစားပေး ဖော်ဆောင်သွားမည်ဖြစ်ကြောင်း လမ်းညွှန်ချက်နှင့်အညီ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ရွေးချယ်ခန့်ထားပြီးသော အစမ်းခန့်ဥပဒေအရာရှိအသစ်များကို လုပ်ငန်းခွင်ဝင်သင်တန်းများ ပေးခြင်းကို ပြည်ထောင်စု ရှေ့နေချုပ်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပို့ချပေးလျက်ရှိကြောင်း၊ ယခုလုပ်ငန်းခွင်ဝင်သင်တန်းတွင် သရုပ်ပြတရားရုံး (Mock Court) လေ့ကျင့်သင်ကြားပေးခြင်းဖြင့် ဥပဒေအရာရှိများ၏ လုပ်ငန်း တာဝန်များကို ကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန်၊ မျိုးဆက်သစ် ဥပဒေအရာရှိများအား တရားခွင်နှင့် ရင်နှီးကျွမ်းဝင်စေရန်၊ အတွေ့အကြုံရှိသော ဥပဒေအရာရှိများက မျိုးဆက်သစ်ဥပဒေအရာရှိများအား ဥပဒေဆိုင်ရာ အသိပညာများ လက်ဆင့်ကမ်းဖြန့်ဝေပေးသကဲ့သို့ နောင်တွင် မျိုးဆက်သစ် ဥပဒေအရာရှိများကိုယ်တိုင် ဥပဒေအသိပညာများကို လက်ဆင့်ကမ်းဖြန့်ဝေခြင်းဖြင့် နိုင်ငံသားတိုင်း ဥပဒေ၏အကာအကွယ် အညီအမျှရရှိစေရေး ပိုမိုထိရောက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း မှာကြားသည်။

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၆) သင်တန်းကို မတ် ၆ ရက်မှ ဧပြီ ၂၉ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်

**မန္တလေး ဧပြီ ၂၀**

ချမ်းအေးသာစံမြို့နယ်ရှိ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် သီတင်းသုံးတော်မူနေသည့် မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တဝိစာရိန္ဒာဘိဝံသ သက်တော်ရှည်ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်နှင့်အဖွဲ့က သွားရောက် ဖူးမြော်ခဲ့သည်။

ဦးစွာ သက်တော်ရှည် ဆရာတော်ကြီး သီတင်းသုံးနေတော်မူသည့် မဟာဝိဇိတာရုံ ပရိယတ္တိစာသင်တိုက်ရှိ မူလသိမ်ကျောင်းတော်ကြီးသို့ သွားရောက်ပြီး သက်တော်ရှည်ဆရာတော်ကြီး၏ ကျန်းမာရေးကို အနီးကပ်ပြုစုစောင့်ရှောက်ပေးနေသည့် ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တယာနိကအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က ဖူးမြော်ပြီး တိုက်အုပ်ဆရာတော်အား တိုင်းဒေသကြီး ဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သက်တော်ရှည် ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ မေးမြန်းလျှောက်ထားပြီး ဩဝါဒများခံယူကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် သက်တော်ရှည် ဆရာတော်ကြီးမှာ မဟာဝိဇိတာရုံပရိယတ္တိစာသင်တိုက်တွင် ကျန်းမာရေးကောင်းမွန်စွာဖြင့် သီတင်းသုံးတော်မူလျက်ရှိကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)



# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်လူရည်ချွန်အပန်းဖြေစခန်း လူရည်ချွန်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့်စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့တွင် ဖွင့်လှစ်မည့် Grade (9) လူရည်ချွန် အပန်းဖြေစခန်း လူရည်ချွန်လုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမတွင် ကျင်းပသည်။



အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြင်ဦးလွင်ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတစ်နိုင်ငံလုံးရှိ ၂၀၂၆ ခုနှစ် Grade (9)၊ Grade (10)၊ Grade (11)၊ Grade (12)တို့မှ လူရည်ချွန် မောင်မယ် (၄၆၀)ဦးသည် နေပြည်တော်စုရပ်စခန်းသို့ သွားရောက်မည်ဖြစ်ပါကြောင်း၊ အဆိုပါအဖွဲ့သည် နေပြည်တော်စုရပ်စခန်းမှ ပြင်ဦးလွင်၊ အင်းလေး၊ ငွေဆောင်နှင့် နေပြည်တော်တို့တွင် ဖွင့်လှစ်မည့် လူရည်ချွန် အပန်းဖြေစခန်းများသို့ သွားရောက်မည်ဖြစ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့ Grade (9) လူရည်ချွန်အပန်းဖြေစခန်းသို့ ရောက်ရှိမည့် လူရည်ချွန်(၉၆)ဦးမှာ ဒေသန္တရဗဟုသုတများ ရရှိစေရန် ကြီးကြပ်ဆရာ၊ ဆရာမများနှင့်အတူ လေ့လာရေးခရီးစဉ်များ သွားရောက်ကြရမည်ဖြစ်ပါကြောင်း၊ မန္တလေးစုရပ်ကို အမှတ်(၁၆)အခြေခံပညာအထက်တန်းကျောင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ဒေသန္တရဗဟုသုတများ ရရှိစေရန်နှင့် အပန်းဖြေနေထိုင်နိုင်စေရန် အစီအမံများချမှတ်ဆောင်ရွက်ရာတွင် ကဏ္ဍများအလိုက် အဆင်ပြေချောမွေ့စေရေး အားလုံးပိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဇင်းနောက် တိုင်းဒေသကြီးပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက ပြင်ဦးလွင် လူရည်ချွန်အပန်းဖြေစခန်း လူရည်ချွန်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များနှင့် ပတ်သက်၍ ကဏ္ဍများအလိုက် ရှင်းလင်းတင်ပြကြရာ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ဖြည့်စွက်ဆွေးနွေးပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

## စိုက်ပျိုးရေး မိုးလေဝသခန့်မှန်းချက်

**ဧပြီ(၂၀)ရက်မှ (၂၆)ရက်အထိ**

**ဘင်္ဂလားပင်လယ်အော် အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ် ဖြစ်ပေါ်နိုင်ပါသည်။ ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်ပါသည်။

**မိုးရွာသွန်းနိုင်မှု အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကျဲကျဲ၊ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပါသည်။

**အမြင့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်တောင်ပိုင်းတို့တွင် (၇၅)ဒီဂရီဖာရင်ဟိုက်မှ (၈၅) ဒီဂရီဖာရင်ဟိုက်အတွင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်းနှင့်မြောက်ပိုင်း)တို့တွင် (၈၆)ဒီဂရီဖာရင်ဟိုက်မှ (၉၆)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် (၉၇)ဒီဂရီ ဖာရင်ဟိုက်မှ(၁၀၇) ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**အနိမ့်ဆုံးအပူချိန် အခြေအနေ**

ချင်းပြည်နယ်တွင် (၅၀)ဒီဂရီဖာရင်ဟိုက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၅၉)ဒီဂရီဖာရင်ဟိုက်မှ (၆၉)ဒီဂရီဖာရင်ဟိုက်အတွင်းနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၇၀)ဒီဂရီဖာရင်ဟိုက်မှ (၈၀)ဒီဂရီဖာရင်ဟိုက်အတွင်း ရှိနိုင်ပါသည်။

**လေထုစိုထိုင်းဆ အခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် တောင်ပိုင်း)တို့တွင် (၄၈ ရာခိုင်နှုန်း)မှ (၅၉ ရာခိုင်နှုန်း)အတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းတို့တွင် (၆၀ ရာခိုင်နှုန်း)မှ (၇၁ ရာခိုင်နှုန်း)အတွင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် (၇၂ ရာခိုင်နှုန်း)မှ (၈၂ ရာခိုင်နှုန်း)အတွင်း ရှိနိုင်ပါသည်။

**ရေငွေ့ပျံ့နှုန်း အခြေအနေ**

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် (၂၅)မီလီမီတာမှ (၃၅)မီလီမီတာအတွင်း၊ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် (၃၆)မီလီမီတာမှ (၄၆)မီလီမီတာအတွင်းနှင့် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်းတို့တွင် (၄၇)မီလီမီတာမှ (၅၇) မီလီမီတာအတွင်းရှိနိုင်ကြောင်းစိုက်ပျိုးရေး မိုးလေဝသဌာနခွဲမှ ထုတ်ပြန်ထားသည်။

(ရွှေမန်း)

၀-၀-၀-၀-၀

၀-၀-၀

# မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင် နွေစပါးစိုက်ပျိုးရန်ကျန်ရှိသည့် စိုက်ဧကများအတွက် တောင်သူများအား ထွန်ယက်ဆီ(ဒီဇယ်)များကို အထူးသက်သာသည့်ဈေးနှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးနေမှုများကို သွားရောက်ကြည့်ရှုအားပေး





**မန္တလေး ဧပြီ ၂၀**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်တွင်းထုတ် ဒီဇယ်ဆီများကို ဆီသယ်ယာဉ်ဖြင့် မန္တလေးတိုင်းဒေသကြီး၊ အမရပူရခရိုင်အတွင်းရှိ နွေစပါးစိုက်ဧကကျန်ရှိသည့် တောင်သူများအား အထူးသက်သာသည့်ဈေးနှုန်းဖြင့် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနေသည့် တမုတ်ဆိုးကျေးရွာအုပ်စု စုရပ်သို့ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုအားပေးခဲ့သည်။

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တောင်သူများနှင့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က စက်သုံးဆီအခက်အခဲများဖြစ်ပေါ်နေချိန်၌ မြန်မာနိုင်ငံတွင်လည်း စက်သုံးဆီအခက်အခဲဖြစ်ပေါ်မှု လျော့နည်းစေရန် နိုင်ငံတော်က နည်းလမ်းမျိုးစုံဖြင့် စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိနေပါကြောင်း၊ စားရေရိက္ခာဖူလုံရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးနေသော တောင်သူလယ်သမား ဦးကြီးများအတွက် လိုအပ်သည့် စိုက်ပျိုးရေ၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာ စသည့် သွင်းအားစုလိုအပ်ချက်များကို နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဖြည့်ဆည်းပေးနေပါကြောင်း၊ စက်သုံးဆီအခက်အခဲ လျော့နည်းသက်သာစေရန် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူဝယ်ယူရရှိနိုင်ရန် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်ရှိ ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှ ထုတ်လုပ်သည့် စက်သုံးဆီများကို ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးရောင်းချပေးခြင်းဖြစ်ပါကြောင်း၊ နွေစပါးများ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ရေး နွေစပါးစိုက်ပျိုးသော တောင်သူများ စပါးစိုက်ပျိုးရန် မြေပြုပြင်ခြင်းမပြုလုပ်ရသေးသော စိုက်ဧကများအတွက် ထွန်ယက်နိုင်ရန် တစ်ဧကလျှင် တစ်ဂါလန်နှုန်း စက်မောင်းဆီ(ဒီဇယ်)ကို တောင်သူများ လက်ဝယ်အရောက် လက်ငင်းငွေချေစနစ်ဖြင့် တိုက်ရိုက်ရောင်းချပေးခြင်းဖြစ်ပါကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးဧကများ လျော့နည်းမသွားစေရေးနှင့် ပန်းတိုင်အထွက်နှုန်းပြည့်မီရေး မျိုး၊ မြေ၊ ရေ၊ နည်း စနစ်တကျမှန်ကန်စွာ ဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမရပူရခရိုင်အတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရေး မြေပြုပြင်ရန် ကျန်ရှိဧက ၇၅၀ အတွက် နွေစပါးစိုက်ပျိုးတောင်သူများကို ပြည်တွင်းထုတ်စက်သုံးဆီ(ဒီဇယ်)တစ်ဧက တစ်ဂါလန်နှုန်းကို ငွေကျပ်(၁၀၀၀၀)နှုန်းဖြင့် တောင်သူများလက်ဝယ်အရောက် လက်ငင်းငွေချေစနစ်ဖြင့် ဂါလန်(၇၅၀)ကို တမုတ်ဆိုးကျေးရွာအုပ်စု စုရပ်တွင် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးနေမှုများကိုကြည့်ရှုစစ်ဆေးပြီး တောင်သူများ စက်သုံးဆီဝယ်ယူရာတွင် အဆင်ပြေချောမွေ့စေရေး အလေးထားကြီးကြပ်ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြား၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး နွေစပါးစိုက်ခင်းအတွင်း သွင်းအားစုများ ကြဲပက်နေမှုများကို ကြည့်ရှုခဲ့သည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်တွင်းထုတ်ဒီဇယ်ဆီများကို ဆီသယ်ယာဉ်ဖြင့် မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးစိုက်ပျိုးရေး မြေပြုပြင်ရန် ကျန်ဧကများအတွက် ထွန်ယက်နိုင်ရန် စက်မောင်းဆီ(ဒီဇယ်)ဖြန့်ဖြူးရောင်းချပေးမှုအနေဖြင့် အမရပူရခရိုင်အတွင်း ဧက(၇၅၀)အတွက် (၇၅၀)ဂါလန်၊ မိတ္ထီလာခရိုင်အတွင်း ဧက(၁၃၀၀)အတွက် (၁၃၀၀)ဂါလန်၊ ညောင်ဦးခရိုင်အတွင်း(၅၇၅)ဧကအတွက် (၅၇၅)ဂါလန်၊ ရမည်းသင်းခရိုင်အတွင်း (၂၂၁)ဧကအတွက် (၂၂၁) ဂါလန် စုစုပေါင်းခရိုင်(၄)ခုအတွင်းရှိ နွေစပါးစိုက်ပျိုးရေးမြေပြုပြင်ရန် (၂၈၄၆)ဧကအတွက် ဂါလန်ပေါင်း (၂၈၄၆)ဂါလန်ကို အထူးသက်သာသော ဈေးနှုန်းတစ်ဂါလန်လျှင် ငွေကျပ် (၁၀၀၀၀)နှုန်းဖြင့် ရောင်းချပေးနေကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေး

**ဥတ္တရသီရိ ဧပြီ ၂၀**

ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဥတ္တရခရိုင်၊ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေ တိုးပွားလာပြီး ဆင်းရဲမှုလျော့ချစေရန် ရည်ရွယ်၍ ညောင်ပင်ဝိုင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက ညောင်ပင်ဝိုင်းကျေးရွာ၌ ကျင်းပသည်။ **(အောက်ယာပုံ)**

ရှေးဦးစွာ ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းနှင့် မြို့နယ်စီမံကိန်း တာဝန်ခံဝန်ထမ်းများက အဆိုပါကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ အကျိုးကျေးဇူးများ၊ စီမံကိန်းလက်စွဲစာစောင်ပါ အကြောင်းအရာများ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ အရင်းအတိုးငွေများကို သတ်မှတ်ရက်အတွင်း ပေးသွင်းစေလိုကြောင်း၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက အဆိုပါကျေးရွာရှိ မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံသို့ စီမံကိန်းရန်ပုံငွေကျပ် ၃၈၂၀၀၀၀၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၂၈၉၀၀၀၀၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၈၇၀၀၀၀၀ နှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးကို ငွေကျပ် ၆၀၀၀၀၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၇ ဦးကို ငွေကျပ် ၃၈၂၀၀၀၀၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးခဲ့ကြောင်း ဥတ္တရသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ဝင်းက ပြောသည်။

**အောင်ရဲကျော်**



## မူလတန်းပြ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင် သင်တန်းဖွင့်ပွဲ ကျင်းပ

**မြင်းခြံ ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၌ မူလတန်းပြ ဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့်တင်သင်တန်း(Main Course)ဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီခွဲက မြင်းခြံတက္ကသိုလ် ဘက်စုံသုံးခန်းမတွင် ကျင်းပသည်။

ရှေးဦးစွာ မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်က အမှာစကားနှင့် သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မြင်းခြံခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းနှင့်အဖွဲ့ဝင်များ၊ မြင်းခြံတက္ကသိုလ် ဒုတိယပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ ခရိုင်ပညာရေးမှူး ဒေါ်ခင်နှင်းအေး၊ မြို့နယ်ပညာရေးမှူး ဒေါ်နီနီဝင်း၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသား ဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အင်္ဂလိပ်စာ အရည်အသွေးမြှင့်တင်သင်တန်း;(Main Course)ကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ ၂၃ ရက်ကြာ သင်တန်းနည်းပြ ငါးဦးဖြင့် သင်တန်းသား ဆရာ၊ ဆရာမ စုစုပေါင်း ၁၀၀ ဦးအား ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(၃၆၆)**

# ဂျပန်နိုင်ငံ၌ လှုပ်ခတ်ခဲ့သော ငလျင်ပြင်းအားကို ၇ ဒသမ ၇ အဆင့်အထိ ပြင်ဆင်သတ်မှတ်

## လာမည့်သီတင်းပတ်အတွင်း အလားတူအားကောင်းသော ငလျင်များလှုပ်ခတ်နိုင်ကြောင်း သတိပေး

တိုကျို ဧပြီ ၂၀

ဧပြီ ၂၀ ရက် မွန်းလွဲပိုင်းက ဂျပန်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့် မြောက်ပိုင်းဒေသတို့၌ လှုပ်ခတ်ခဲ့သော ငလျင်၏ပြင်းအားကို ၇ ဒသမ ၅ အဆင့်မှ ၇ ဒသမ ၇ အဆင့်အထိ ပြင်ဆင်သတ်မှတ်လိုက်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီ (JMA) ၏ ထုတ်ပြန်ချက်အရ သိရသည်။

ဟော့ကိုင်းဒိုး၊ အအိုမိုရီနှင့် အီဝါတေးခရိုင်များ၏ ပစိဖိတ်ကမ်းလွန်၌ ဆူနာမီလှိုင်းများကို တွေ့ရှိခဲ့ပြီး အထူးသဖြင့် အီဝါတေးခရိုင် ကူဂျီဆိပ်ကမ်းတွင် ၈၀ စင်တီမီတာရှိသော ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း၊ မီယာကိုဆိပ်ကမ်းတွင်လည်း ၄၀ စင်တီမီတာရှိသော ဆူနာမီလှိုင်းများ ရိုက်ခတ်ခဲ့ကြောင်း သိရသည်။

ပြည်ထဲရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ ဟော့ကိုင်းဒိုး၊ အအိုမိုရီ၊ အီဝါတေး၊ မီယာဂီနှင့် ဖူကူရှီးမားခရိုင်များရှိ လူပေါင်း ၁၇၀၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းရန် အမိန့်များ ထုတ်ပြန်ထားသည်။ ထို့ပြင် ဘေးဒဏ်သင့်ဒေသများမှ ဒေသခံများကိုလည်း ကုန်းမြင့်ပိုင်း သို့မဟုတ် ပိုမိုမြင့်မားသော နေရာများသို့ ရွှေ့ပြောင်းကြရန် တိုက်တွန်းထားသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တိုကျိုနှင့် ရှင်-အအိုမိုရီဘူတာတို့ အကြားရှိ တိုဟိုကူရှင်ကန်ဆန် ကျည်ဆန်ရထားဝန်ဆောင်မှုများ ရပ်ဆိုင်းခြင်းအပါအဝင် သယ်ယူပို့ဆောင်ရေးကဏ္ဍများ၌ အခက်အခဲများနှင့် ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ အင်အားပြင်းငလျင်မှာ ဆန်ရိကု ကမ်းလွန်၌ ဧပြီ ၂၀ ရက်က ဒေသစံတော်ချိန် ညနေ ၄ နာရီ ၅၃ မိနစ်တွင် အနက် ကီလိုမီတာ ၂၀ ကို ဗဟိုပြု၍ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် လာမည့် သီတင်းပတ်အတွင်း အလားတူအားကောင်းသော ငလျင်များ ထပ်မံ လှုပ်ခတ်နိုင်ကြောင်း မိုးလေဝသအေဂျင်စီက သတိပေးထားသည်။

ဆင်ဟွာ




# အမေရိကန်နှင့် အီရန်အကြား ဖြစ်ပွားနေသော ပဋိပက္ခအတွက် ဒုတိယအကျော့ ဆွေးနွေးပွဲများ ပါကစ္စတန်လက်ခံကျင်းပမည်



**အစ္စလာမ္မာဘတ် ဧပြီ ၂၀**

အမေရိကန်နှင့် အီရန်နိုင်ငံတို့အကြား ဖြစ်ပွားနေသော ပဋိပက္ခကို အဆုံးသတ်ရန် ရည်ရွယ်သည့် ဒုတိယအကျော့ ဆွေးနွေးပွဲများကို လက်ခံကျင်းပရန် ပါကစ္စတန်နိုင်ငံက ပြင်ဆင်လျက်ရှိသော်လည်း နှစ်ပတ်ကြာ အပစ်အခတ်ရပ်စဲရေး သတ်မှတ်ရက် နီးကပ်လာချိန်တွင် ဖြစ်ပေါ်လာသည့် တင်းမာမှုများကြောင့် အီရန်နိုင်ငံ၏ ပါဝင်တက်ရောက်မှုအပေါ် မရေမရာ ဖြစ်စေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ဧပြီ ၁၁ ရက်နေ့က အစ္စလာမ္မာဘတ်မြို့၌ ပြုလုပ်ခဲ့သည့် ပထမအကျော့ ဆွေးနွေးပွဲများနှင့်မတူဘဲ ယခုလာမည့် ညှိနှိုင်းမှုများသည် အပစ်အခတ်ရပ်စဲရေးကို ထိရောက်စွာ သက်တမ်းတိုးနိုင်မည့် နားလည်မှု စာချွန်လွှာဟု ကြားဝင်စေ့စပ်သူများက ခေါ်ဆိုသော ယာယီသဘောတူညီချက် လက်မှတ်မရေးထိုးမီအထိ ရက်ပေါင်းများစွာ ကြာမြင့်နိုင်ဖွယ်ရှိသည်။

အကယ်၍ အဆိုပါနားလည်မှု စာချွန်လွှာကို သဘောတူညီခဲ့ပါက ရေရှည်ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ရန်အတွက် ညှိနှိုင်းသူများအား ရက်ပေါင်း ၆၀ အထိ အချိန်ပိုမိုရရှိစေမည်ဖြစ်ကြောင်း သိရသည်။

Mon

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## ပါကစ္စတန်နိုင်ငံရောက် အာဖဂန်ဒုက္ခသည် ၆၀၀၀ ကျော် တစ်ရက်အတွင်း နေရပ်ပြန်လာ

**ကဘူးလ် ဧပြီ ၂၀**

ဧပြီ ၁၉ ရက် တစ်ရက်အတွင်း ပါကစ္စတန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၆၁၄၈ ဦး ထက်မနည်း မူရင်းနိုင်ငံသို့ ပြန်လည်ဝင်ရောက်ခဲ့ကြောင်း နေရပ်ပြန်များ၏ ပြဿနာများ ဖြေရှင်းရေးဆိုင်ရာ အာဖဂန်နစ္စတန်၏ မဟာမင်းကြီးရုံးက ဧပြီ ၂၀ ရက်တွင် ပြောကြားသည်။

နေရပ်ပြန်သူများသည် အရှေ့ပိုင်း နန်ဂါဟာပြည်နယ်အတွင်းရှိ တော့ခ်ခမ်းနယ်စပ်ဖြတ်ကျော် နေရာနှင့်တောင်ပိုင်း ကန်ဒါဟာ ပြည်နယ်အတွင်းရှိ ဘော်ဒါ့ခ်နယ်စပ်ဖြတ်ကျော်နေရာတို့မှ တစ်ဆင့် နိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြကြောင်း၊ နယ်စပ်ဖြတ်ကျော်ရာနေရာများသို့ ရောက်ရှိချိန်တွင် လိုအပ်သော အစိုးရအကူအညီများ အားလုံးကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

အလားတူ ယင်းနေ့တွင် အိမ်နီးချင်း အီရန်နိုင်ငံမှ အာဖဂန်ဒုက္ခသည် ၄၁၇ ဦးမှာလည်း နေရပ်ပြန်လာခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ်အတွင်း အာဖဂန်ဒုက္ခသည် ၂ ဒသမ ၈ သန်းခန့် နေရပ်ပြန်လာခဲ့ကြောင်း အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**



# လူသားအပြေးသမား တင်ထားသည့် တစ်ဝက်မာရသွန်စံချိန်ကို ပေကျင်းအားကစားပွဲတစ်ခုတွင် လူသားပုံတူစက်ရုပ်က ချိုးနိုင်ခဲ့

**ပေကျင်း ဧပြီ ၂၀**

တရုတ်နိုင်ငံ ပေကျင်းမြို့တော်၌ ယမန်နေ့က ပြုလုပ်ခဲ့သော အားကစားပွဲတစ်ခုတွင် လူသားပုံတူစက်ရုပ်က လူသားအပြေးသမားတစ်ဦး တင်ရှိထားသည့် တစ်ဝက်မာရသွန်စံချိန်ကို ချိုးနိုင်ခဲ့ပြီး ၎င်းတို့၏ ခန့်မှန်းမရနိုင်သော စွမ်းဆောင်ရည် အလားအလာများကို မီးမောင်းထိုးပြနိုင်ခဲ့ကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။




တရုတ်စမတ်ဖုန်းထုတ်လုပ်ရေးလုပ်ငန်း အော်နာက တီထွင်ထားသည့် "ဖလက်ရှ်" အမည်ရှိ ရိုဘော့သည် ၂၀၂၆ ပေကျင်း အီတောင်း တစ်ဝက်တစ်ပျက်မာရသွန်နှင့် လူသားပုံတူစက်ရုပ် တစ်ဝက်မာရသွန်ပြိုင်ပွဲတွင် အနိုင်ရရှိခဲ့ပြီး ၂၁ ကီလိုမီတာ အကွာအဝေးပြိုင်ပွဲကို ၅၀ မိနစ်နှင့် ၂၆ စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။

ယခင်လူသားစံချိန်မှာ ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့၌ မတ်လအတွင်းက ယူဂန်ဒါနိုင်ငံသား ဂျေကော့ပ်ကီပလီမို တင်ရှိထားသည့် ၅၇ မိနစ်နှင့် ၂၀ စက္ကန့်ဖြစ်သည်။

ယမန်နှစ်က ပထမဆုံးအကြိမ်ကျင်းပခဲ့သော ပြိုင်ပွဲတွင် အနိုင်ရစက်ရုပ်သည် ၂ နာရီ ၄၀ မိနစ်နှင့် ၄၂ စက္ကန့်ဖြင့်သာ ပန်းဝင်နိုင်ခဲ့ပြီး ပါဝင်ယှဉ်ပြိုင်သည့် အသင်းပေါင်း ၂၀ နီးပါးအနက် စက်ရုပ်ခြောက်ရုပ်သာ ပြိုင်ပွဲပြီးဆုံးအောင် ပြေးနိုင်ခဲ့သဖြင့် ယခုစွမ်းဆောင်ရည်မှာ သိသာထင်ရှားသည့် တိုးတက်မှုခြေလှမ်းတစ်ရပ်ဖြစ်သည်။

Mon



# လျှပ်စစ်ကားများအပေါ် အထူးကုန်စည်ခွန်လျှော့ချမှုကို ဗီယက်နမ်တွင် လေးနှစ်နီးပါး သက်တမ်းတိုးရန် စီစဉ်နေ

**ဟနွိုင်း ဧပြီ ၂၀**

ဗီယက်နမ်နိုင်ငံတွင် လျှပ်စစ်ကားအရောင်းမြှင့်တင်ရန်နှင့် ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရန်အတွက် လျှပ်စစ်ကားများအပေါ် သတ်မှတ်ထားသည့် အထူးကုန်စည်ခွန်လျှော့ချမှုကို ၂၀၃၀ ပြည့်နှစ်ကုန်အထိ နောက်ထပ် လေးနှစ်နီးပါး သက်တမ်းတိုးရန် စီစဉ်နေကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

အခွန်လျှော့ချမှု သက်တမ်းတိုးရန် အဆိုပြုချက်ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ အစီရင်ခံစာကို ကိုးကား၍ လွှတ်တော်သို့ တင်သွင်းအတည်ပြုချက်ရယူသွားမည်ဖြစ်ကြောင်း အစိုးရအဖွဲ့ရုံးက ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၂ ခုနှစ်၊ မတ်လတွင် လျှပ်စစ်ကားများအပေါ် ကောက်ခံသည့် အထူးကုန်စည်ခွန်ကို ယခင် ၄ ရာခိုင်နှုန်းမှ ၁၁ ရာခိုင်နှုန်းအတွင်း သတ်မှတ်ထားရာမှ ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်းအတွင်းသို့ လျှော့ချပေးခဲ့သည်။ အဆိုပါ အခွန်လျှော့ချပေးမှုမှာ ၂၀၂၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

Mon

၀-၀-၀-၀-၀

## သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက် ဓာတ်အားခငွေများ ပေးသွင်းမှု အဆင်ပြေစေရန် Last Date များ ပြင်ဆင်

**မန္တလေး ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး အတွင်းရှိ လျှပ်စစ်ဓာတ်အား သုံးစွဲသူ ပြည်သူများအနေဖြင့် (၃/၂၀၂၆)လ သုံးစွဲယူနစ်အတွက် ဓာတ်အားခငွေအား ပေးသွင်းရန် သင်္ကြန်နှစ်သစ်ကူးရုံးပိတ်ရက်များ ရှိသဖြင့် ဓာတ်အားသုံးစွဲသူများ အဆင်ပြေစေရန်အတွက် Last Date များအား ပြင်ဆင်ပေးထားသည်။

မူလ Last Date ဧပြီ ၁၇ ရက်အစား ၂၁ ရက်သို့လည်းကောင်း၊ ဧပြီ ၁၉ ရက်အစား ၂၃ ရက်သို့လည်းကောင်း၊ ဧပြီ ၂၁ ရက်အစား ၂၅ ရက်သို့လည်းကောင်း၊ ဧပြီ ၂၃ ရက်အစား ၂၇ ရက်သို့လည်းကောင်း၊ ဧပြီ ၂၅ ရက်အစား ၂၈ ရက်သို့လည်းကောင်း ပြင်ဆင်ပြောင်းလဲပေးထားသည်။



(အောက်ပုံ)

လျှပ်စစ်ဓာတ်အားသုံးစွဲသူ ပြည်သူများ အဆင်ပြေစေရန် အတွက် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးများရှိ ငွေလက်ခံကောင်တာများကို သင်္ကြန်ရုံးပိတ်ရက်ဖြစ်သော ဧပြီ ၁၁ ရက်မှ ၁၉ ရက်အထိ ပိတ်ထားမည်ဖြစ်ပြီး ဧပြီ ၂၀ ရက်မှ ၃၀ ရက်အထိ ပိတ်ရက်မရှိ ဖွင့်လှစ်ကောက်ခံပေးမည်ဖြစ်ကြောင်း မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ အသိပေးပန်ကြားထားကြောင်း သိရသည်။ (ဝ၄၅)

## သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဧပြီ ၂၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ယနေ့နံနက်ပိုင်းက သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။



အစည်းအဝေးတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိရန်၊ သဘာဝဘေး ကျရောက်လာချိန်တွင် ကျရာကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် စသည့် သဘာဝဘေးစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများအား အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေး ဆွေးနွေးကြသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်စကားပြောကြားခဲ့သည်။

ထို့ပြင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူးက ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ကျင်းပသည့် ရှမ်းပြည်နယ် အစိုးရအဖွဲ့ (၃/၂၀၂၆) လုပ်ငန်းညှိနှိုင်း အစည်းအဝေးအား မိုင်းယောင်းမြို့နယ်၊ ဗလမင်းထင်ခန်းမမှ ခရိုင်၊ မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များနှင့် အတူ Video Conferencing ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**စိုင်းအောင်ဇော်လင်း**

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ



## မိုးညှင်းမြို့နယ်တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၀**

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ဧပြီ ၉ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်က မိုးညှင်းမြို့နယ်၊ နန့်လှိုင်ကျေးရွာအနီးတွင် မသင်္ကာဖွယ် တွေ့ရှိသူ မိုးနိုင်နှင့် ရိမ်းပေါင် ဆိုသူတို့အား စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၂,၆၀၀ နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့အားလည်းကောင်း၊ အလားတူ ဧပြီ ၁၀ ရက် နံနက် ၇ နာရီ မိနစ် ၄၀ က မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးညှင်းမြို့နယ်၊ နန့်စီးအောင် ကျေးရွာအနီးတွင် မော်တော်ယာဉ်များအား စစ်ဆေးရှာဖွေစဉ် မန္တလေးမြို့ဘက်မှ မြစ်ကြီးနားမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသော ခရီးသည် မစမ်းအေးဆိုသူ သယ်ဆောင်လာသော ပလတ်စတစ်ပုံးများအတွင်းမှ ဘိန်းစိမ်းအလေးချိန် ၁၃ ကီလိုနှင့် လက်ကိုင်ဖုန်း တစ်လုံးတို့အား တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် မိုးနိုင်(၄၈)နှစ်၊ ရိမ်းပေါင်(၂၄)နှစ်နှင့် မစမ်းအေး (၅၆)နှစ်ဆိုသူတို့အား မိုးညှင်းမြို့မ ရဲစခန်းမှ မူးယစ်ဆေးဝါး နှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူထားပြီး ကွင်းဆက်များကို ဆက်လက်ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၌ နေအိမ် မီးလောင်မှုဖြစ်ပွား

**ရွှေဘို ဧပြီ ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ အမှတ်(၁၀)ရပ်ကွက်၌ ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်ခန့်က ပိုင်ရှင် ဦးတင်ထွန်းအောင်(၃၉)နှစ်ဆိုသူ၏ (၃၀×၃၅)ပေ၊ သွပ်မိုး၊ ထရံကာ၊ သစ်သားခင်း တစ်ထပ်နေအိမ်တွင် လျှပ်စစ် မိန်းခုံအပူလွန်ကဲရာမှ မီးစတင်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် ရွှေဘိုခရိုင်၊ မြို့နယ်မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်လေးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၃၀×၃၅)ပေ၊ သွပ်မိုး၊ ထရံကာ၊ သစ်သားခင်းတစ်ထပ်နေအိမ် တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးတင်ထွန်းအောင်ဆိုသူအား ရွှေဘိုမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (အောက်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)





## ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦး သေဆုံး၊ တစ်ဦး ဒဏ်ရာရရှိ

**ပဲခူး ဧပြီ ၂၀**

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၌ ဧပြီ ၁၆ ရက်က ယာဉ်တိုက်မှုဖြစ်ပွား၍ အမျိုးသား တစ်ဦးသေဆုံး၍ တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဧပြီ ၁၆ ရက် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ ပဲခူး-သနပ်ပင်ကားလမ်း နာရီစင်အနီး၌ ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ အမှတ် (၁၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ မဟာမြိုင်မှ ဟင်္သာကုန်းဘက်သို့ ဟင်္သာကုန်းရပ်ကွက်နေ ဦးဇော်ဖြူ(၄၅)နှစ်ဆိုသူ မောင်းနှင်ပြီး ဗိုလ်ကုန်းရပ်ကွက်နေ ဦးအောင်ကိုဦး (၃၉)နှစ်ဆိုသူ လိုက်ပါလာသော HONDA CLICK ဆိုင်ကယ်သည် အခင်းဖြစ်နေရာအရောက်၌ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးရှိ အုတ်ခုံအား ဝင်ရောက်တိုက်မိခဲ့သဖြင့် ဇော်ဖြူဆိုသူတွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး အောင်ကိုဦးဆိုသူတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် ဇော်ဖြူဆိုသူအား ပဲခူးမြို့မရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

## နေအိမ် မီးလောင်မှု ဖြစ်ပွား



**တပ်ကုန်း ဧပြီ ၂၀**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၌ ပိုင်ရှင် ဦးဖြိုးသန့်ကျော်(၃၄)နှစ်ဆိုသူ၏ (၂၄×၂၄)ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်နေအိမ်တွင် အိပ်ခန်းအတွင်းရှိ မီးပလပ်ခုံအပူလွန်ကဲ၍ ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်ခန့်က မီးစတင်လောင်မှုဖြစ်ပွားကြောင်း သတင်းရရှိသဖြင့် တပ်ကုန်းမြို့နယ် မီးသတ်စခန်းမှ မီးသတ်တပ်ဖွဲ့ဝင်များသည် မီးသတ်ယာဉ်ငါးစီးဖြင့် မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁၁ နာရီ ၁၃ မိနစ်တွင် မီးငြိမ်းခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် (၂၄×၂၄)ပေ၊ သွပ်မိုး၊ အုတ်ညှပ် တစ်ထပ်နေအိမ် တစ်လုံး၊ (၂၇×၁၈)ပေ၊ သွပ်မိုး၊ ထရံကာ၊ မြေစိုက်နေအိမ် တစ်လုံး၊ စုစုပေါင်း နေအိမ်နှစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းနှင့် ပိုင်ရှင် ဦးဖြိုးသန့်ကျော်ဆိုသူအား တပ်ကုန်းမြို့မ ရဲစခန်းမှ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ (ဝဲပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# နွေသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



ပွင့်ဖြူ မေ ၂၀

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း လျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း ပွင့်ဖြူ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ၌ နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် နှမ်း ၄၅၂၁၆ ဧကအထိ စိုက်ပျိုး ပြီးစီးပြီဖြစ်၍ လျာထားဧက ထက် ပိုမိုစိုက်ပျိုးပြီးစီးပြီ ဖြစ်သည်။

'ဒီနှစ် နွေသီးနှံ စိုက်ပျိုးရာသီ ပွင့်ဖြူမြို့နယ်မှာ နှမ်း ၃၃၇၃၇ ဧက စိုက်ပျိုးဖို့ လျာထားတယ်။ ဒီနေ့အထိ နှမ်း ၄၅၂၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်တယ်။ နှမ်းလျာထားဧကထက် ပိုမို စိုက်ပျိုးနိုင်ခဲ့တယ်။ နှမ်းစိုက်ပျိုးတာနဲ့ပတ်သက်ပြီး တစ်နှစ်ထက် တစ်နှစ် စိုက်ဧကတွေ တိုးချဲ့ စိုက်ပျိုးနိုင်ဖို့၊ အထွက်နှုန်းတွေ ကောင်းမွန်ဖို့၊ GAP နည်းစနစ် များနဲ့အညီ စိုက်ပျိုးဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်'ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီး ဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ က ပြောသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် နွေသီးနှံ စိုက်ပျိုးရာသီ ဒေသတွင်း ရှိ နှမ်းစိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းစိုက်ဧကများ တိုးချဲ့စိုက်ပျိုး နိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုး သန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက် နှုန်းကောင်းမွန်သည့် မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိ ပညာပေးခြင်းများ ဆောင်ရွက် ပေးလျက်ရှိသည်။

နှမ်းကိုအထွက်နှုန်းတိုးတက် အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေ မည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင် သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွား ဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းဆောင် ရွက်သင့်ကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၄၄၅)

# မိုးမျှော်ငရုတ်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကျွန်းလှ မေ ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်၊ ကျွန်းလှမြို့နယ် တွင် ဟင်းသီးဟင်းရွက် သီးနှံ မျိုးစုံကို ချောင်းရေ၊ မြေအောက် ရေတင်ပြီး စိုက်ပျိုးလျက်ရှိရာ ယခုနှစ် နွေရာသီ၌ စိုက်ပျိုးသော မိုးမျှော်ငရုတ်စိုက်ခင်းများ အောင် မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှ သိရ သည်။

'ကျွန်တော် ချောင်းရေတင် ပြီး မိုးမျှော်ငရုတ် နှစ်စဉ်စိုက်ပျိုး ပါတယ်။ ဒီနှစ် နွေရာသီမှာ မိုးမျှော်ငရုတ်အပင် ၂၅၀ စိုက်ပျိုး ရာ မျိုးဖိုး၊ ထွန်ယက်ခ၊ မြေဩဇာ ဖိုး၊ ရေတင်ခနဲ့ လုပ်အားခ အပါ အဝင် ငွေကျပ် နှစ်သိန်းကျော် ကုန်ကျတယ်။ အခုအခါ အသီး အပွင့်တွေနဲ့ အောင်မြင်ဖြစ်ထွန်း နေပါတယ်။ အရင်နှစ်က ငရုတ် အစိုတစ်ပိဿာလျှင် ငွေကျပ် ၄၅၀၀ ဈေးရောင်းခဲ့ရပြီး ဒီနှစ် သီးနှံပေါ်ချိန် ဈေးကောင်းရရှိဖို့ မျှော်လင့်နေရပါတယ်'ဟု ရှမ်းစု ကျေးရွာမှ ငရုတ်စိုက်တောင်သူ ဦးဖိုးအေးက ပြောသည်။

ကျွန်းလှမြို့နယ်တွင် မိုးမျှော် ငရုတ်နှင့် ကုလားအော်ငရုတ် စိုက်ပျိုးကြကြောင်း အောင်မြင် ဖြစ်ထွန်းပြီး သီးနှံအထွက်နှုန်း ကောင်းမွန်စေရန် မျိုးကောင်း မျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ သဘာဝ မြေဩဇာ၊ သဘာဝပိုးသတ်ဆေး နှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေး ကွင်းဆင်းအသိပညာပေးလျက်ရှိ ကြောင်း သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)

၀-၀-၀-၀-၀

၀-၀-၀

○ စာမျက်နှာ ၂၄ မှ

အကျပ်ကိုင်၍ အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်လုပ်ဆောင်နေမှုများကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့်တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်ခြင်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့မှ အမျိုးသား နှစ်ဦး၊ နတ်တလင်းမြို့မှ အမျိုးသား တစ်ဦး၊ မင်းလှမြို့မှ အမျိုးသား နှစ်ဦး၊ ညောင်လေးပင်မြို့မှ အမျိုးသား ခြောက်ဦး စုစုပေါင်း အမျိုးသား ၁၁ ဦးတို့အား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ်ရှိ အေးချမ်းဖြိုးခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ် သူရဇော်လွင်စိုးနှင့် ခရိုင်/မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသူများ၊ ၎င်းတို့၏ မိဘအုပ်ထိန်းသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား အသိပညာပေး အမှာစကားပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် MA1 သေနတ် တစ်လက်၊ MA3 သေနတ် နှစ်လက်၊ BA63 သေနတ်တစ်လက်၊ M79လက်လုပ်သေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၅၂ တောင့်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ ၄၀မမ ဗုံးသီး တစ်လုံးတို့အား လွှဲပြောင်းအပ်နှံရာ တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မောင်းပြန်ရိုင်ဖယ် သေနတ်တစ်လက်အတွက် ဆုကြေးငွေကျပ် သိန်း ၅၀ နှုန်းဖြင့် လေးလက်အတွက် ငွေကျပ် သိန်း ၂၀၀၊ လက်လုပ်သေနတ် တစ်လက်အတွက် ဆုကြေးငွေ ငါးသိန်းကျပ်၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူ တစ်ဦးလျှင် သုံးသိန်းကျပ်နှုန်းဖြင့် ၁၁ ဦးအတွက် ၃၃ သိန်းကျပ်နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ ထို့နောက် ခံဝန်ကတိ လက်မှတ်ရေးထိုးစေကာ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံ ပေးအပ်ခဲ့သည်။ ယင်းနောက် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ပြီး စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများနှင့် ၎င်းတို့၏ မိဘများထံမှ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-





၁။ PDF ထဲကို ရောက်ရှိလာတာ ရွာအနီးက လူတွေက ကျေးရွာကိုကာကွယ်ဖို့ အဲဒီလိုမျိုး ဖွဲ့စည်းခြင်းမျိုး ဖွဲ့စည်းမယ်ဆိုပြီး သွားရောက်ခြင်းဖြစ်တယ်။ ဆင့်ကဲဆင့်ကဲ အဲဒီလိုမျိုး သူတို့က ခိုင်းတယ်။ ကျွန်တော်တို့က အဲဒီလိုမျိုးဟာတွေ မကြိုက်ဘူး။ လုံးဝအပြစ်မရှိတဲ့ ပြည်သူတွေအပေါ်ကို နိုင်ထက်စီးနင်း အဲဒီလိုမျိုး ပြောတာတွေကိုကျွန်တော်တို့က လက်မခံနိုင်ဘူး။ အဲဒီလိုမျိုးတွေလည်း မကြိုက်ဘူး။ သူတို့ခေါင်းစဉ်တပ်ထားတာ ပြည်သူ့ကာကွယ်ရေးဆိုပြီးတော့ ခေါင်းစဉ်တပ်ထားခဲ့တာ၊ တကယ်တမ်းကျတော့ ခေါင်းစဉ်အလိုက်နဲ့ ဘာမှမသက်ဆိုင်တဲ့အတွက် ကျွန်တော်တို့လည်း ဆက်ပြီးတော့ သူတို့ဘက်မှာ ရပ်တည်ပေးနေစရာ အကြောင်းမရှိဘူး။ သူတို့ခိုင်းစေတာ လုပ်ပြီးတော့ ကျွန်တော်တို့နေပေးစရာ အကြောင်းမရှိတော့ဘူး။ ကျွန်တော်တို့က အသားလွတ် မြေစာပင် အသေခံရမှာ။ အလင်းဝင်ဖို့ စဉ်းစားခဲ့တာတော့ ကြာပြီ၊ ဒါပေမယ့် မဝင်ရဲဘူး။ အရင်တုန်းကတော့ ဝါဒမှိုင်းတွေ မိထားတဲ့အတွက် ဒီအထဲကို ရောက်လို့ရှိရင် ဘယ်လိုမျိုးဖြစ်မလဲ။ စပြီး ထွက်လာကတည်းက နည်းနည်းတော့ တုန်လှုပ်တာပေါ့။ ကျွန်တော်တို့ အမှားလုပ်ခဲ့တာကို ခွင့်လွှတ်ပေးပြီးတော့ နွေးထွေးစွာ ပြန်လည်ကြိုဆို ခွင့်လွှတ်ပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်လို့ ပြောချင်ပါတယ်။ အမြင်မှန် အမြန်ဆုံးရပြီးတော့ ဝင်စေချင်တယ်။ သူတို့လည်းဝင်ဖို့ ဆန္ဒတွေတော့ ရှိတယ်။ ဒါပေမယ့်သူတို့က အကြောက်တရားလေး နည်းနည်းရှိနေသေးတယ်။ မေးလာခဲ့ရင် ပွင့်ပွင့်လင်းလင်းပဲပြောမှာ၊ ဒီဘက်က ဘယ်လိုထားတယ်။ ဘယ်လိုအဆင်ပြေအောင် လုပ်ပေးခဲ့တဲ့အကြောင်းတွေ ပွင့်ပွင့်လင်းလင်း ပြောပြပြီးတော့ခေါ်ချင်တယ်။

၂။ ရွာမှာ အဲဒီလို ကိုယ့်ကို စည်းရုံးတဲ့ အချိန်မှာ သူတို့ ပြောတဲ့စကားတွေကို ယုံပြီးတော့ ကျွန်တော်ပါသွားခဲ့တာ။ ပြန်ဝင်လာဖြစ်တဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့လူငယ်တွေ မြေစာပင်ဖြစ်နေတဲ့အတွက် ကျွန်တော်တို့ကတော့ အလကားနေ အလကား အသေမခံနိုင်ဘူး။ သူတို့ကောင်းစားဖို့အတွက်တော့ ကျွန်တော်တို့ မလုပ်နိုင်ဘူး ဆိုတဲ့အနေနဲ့ပဲ ကျွန်တော်တို့ ပြန်ဝင်လာခဲ့တာပါ။ ကျွန်တော်တို့ ဒီဘက်ကို ရောက်လာတော့ သူတို့ပြောတဲ့ ဟာတွေနဲ့ အလွန်ကွာခြားလွန်းတယ်။ ဒီဘက်မှာဆို ညီအစ်ကိုလိုသွားလာတယ်။ တော်တော်လည်းပျော်ပါတယ်။ နောက်ထပ်လာမယ့် ညီအစ်ကိုတွေကို လာခဲ့ပါလို့ပဲ ဖိတ်ခေါ်ပါတယ်။ ကျွန်တော်တို့ဒီမှာ မိသားစုလို နွေးနွေးထွေးထွေးနဲ့ မိသားစုနဲ့ ကောင်းကောင်းမွန်မွန် နေရပါတယ်လို့ ပြောချင်ပါတယ်။

သတင်းစဉ်

❖ စာမျက်နှာ ၂၄ မှ

တပ်မတော်သားများအား ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး ဒုတိယတိုင်းမှူးက ဂုဏ်ပြုအမှာစကား ပြောကြားကာ အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ အထူးနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

| | |
|---|---|
| **လျှပ်စစ် ဓာတ်အား ချွေတာရေး နည်းလမ်းများ** | ❖ ရုံးချိန်အတွင်း အလင်းရောင်ဝင်ရောက်နိုင်သော ပြတင်းတံခါးများအား ဖွင့်လှစ်၍ လျှပ်စစ်မီးသီး၊ မီးချောင်းများ သုံးစွဲမှု လျှော့ချရန်။<br>❖ လေဝင်နိုင်သော ပြတင်းတံခါးများ ဖွင့်လှစ်၍ လေအေးပေးစက် သုံးစွဲခြင်းနှင့် လျှပ်စစ်ပန်ကာများ သုံးစွဲခြင်းအား လျှော့ချရန်။ |



# နိုင်ငံတကာ အားကစား သတင်းများ



## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဘွန်ဒက်လီဂါ ချန်ပီယံဆုကို ဘိုင်ယန်မြူးနစ်အသင်း ဆွတ်ခူး

**မြူးနစ် မေ ၂၀**

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ ဘွန်ဒက်လီဂါချန်ပီယံဆုအား ဘိုင်ယန်မြူးနစ်အသင်းက ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်ဘောလုံးရာသီ ဘွန်ဒက်လီဂါပြိုင်ပွဲ ပွဲစဉ် ပွဲ ၃၀ ကစားအပြီးတွင် ရမှတ် ၇၉ မှတ်ဖြင့် အဆင့်(၂)နေရာမှ ဒေါ့မွန်အသင်းအား ၁၅မှတ်အထိ ဖြတ်ထားနိုင်ခဲ့မှုကြောင့် ပြိုင်ပွဲပြီးဆုံးရန် လေးပွဲ အလိုမှာပင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း၏သည် ဘွန်ဒက်လီဂါချန်ပီယံဆုကို နောက်ဆုံး (၁၄)ရာသီအတွင်း (၁၃)ကြိမ်မြောက် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်း၏ ထုတ်ပြန်ချက်တွင် 'အသင်းအနေနဲ့ အခုလိုချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ အသင်းအတွက် အစွမ်းကုန်ကြိုးစားပေးခဲ့ကြတဲ့ နည်းပြအဖွဲ့ဝင်တွေနဲ့ ကစားသမားတွေအားလုံးကိုလည်း အထူးကျေးဇူးတင်ပါတယ်'ဟု ထုတ်ပြန်သည်။

(အပေါ်ဝဲပုံ)

(NGB)

0-0-0-0-0-0-0

## 2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို Ben Shelton ဆွတ်ခူး



**မြူးနစ် မေ ၂၀**

ဂျာမနီနိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အမေရိကန်တင်းနစ်ကစားသမား Ben Shelton က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ အမေရိကန်တင်းနစ်ကစားသမား Ben Shelton သည် 2026 BMW Open by Bitpanda တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် အီတလီတင်းနစ်ကစားသမား Flavio Cobolli အား ၆-၂၊ ၇-၅ ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အသက်(၂၃)နှစ်အရွယ်ရှိ Ben Shelton က 'ကျွန်တော် အခုလို 2026 Rolex Monte-Carlo Masters တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ဂုဏ်ယူမိပါတယ်။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် နိုင်ငံအတွက် ဂုဏ်ဆောင်နိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(NGB)**

## လက်ကျန်ပွဲစဉ်အားလုံးကို အနိုင်ရယူသွားမည်ဟု စပါးနည်းပြ ဒီဇာဘီ ပြောကြား



**လန်ဒန် မေ ၂၀**

စပါးအသင်းနည်းပြ ဒီဇာဘီက မိမိတို့အသင်းအနေဖြင့် လက်ကျန်ပွဲစဉ်အားလုံးကို အနိုင်ရယူသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စပါးအသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဝုဖ်၊ အက်စတွန်ဗီလာ၊ လိဒ်စ်၊ ချဲလ်ဆီး၊ အဲဗာတန် စသည့်ပွဲစဉ်များသာ ကစားရန်ကျန်ရှိနေပြီး အဆိုပါ ပွဲစဉ်အားလုံးကို အနိုင်ရယူသွားမည်ဟု နည်းပြ ဒီဇာဘီက ပြောကြားခဲ့ခြင်းဖြစ်သည်။

စပါးအသင်းနည်းပြ ဒီဇာဘီက 'လက်ကျန်ပွဲစဉ်အားလုံးကို အနိုင်ရယူသွားမှာပါ။ ပွဲစဉ်အားလုံး အနိုင်ရရှိမှသာ ကျွန်တော်တို့အနေနဲ့လည်း တန်းဆင်းရမယ့်အရေးက လွတ်မြောက်နိုင်မှာပါ။ ကျွန်တော့်အနေနဲ့လည်း စပါးအသင်းအတွက် အစွမ်းကုန်ပေးဆပ်ကြိုးစားသွားမှာပါ'ဟု ပြောသည်။ **(ဝဲပုံ)(NGB)**

## ဂျို့ရှ်အမ်ချမ်ပေါင် ချဲလ်ဆီးအသင်းတွင် ဆက်ရှိသွားမည်

**လန်ဒန် မေ ၂၀**

နောက်ခံကစားသမား ဂျို့ရှ်အမ်ချမ်ပေါင် အသင်းမှ ထွက်ခွာမည်ဆိုသော သတင်းများသည် ကောလာဟလများသာဖြစ်ပြီး အသင်းတွင်သာ ဆက်ရှိသွားမည်ဟု ချဲလ်ဆီးအသင်းက အတည်ပြုခဲ့သည်။

အသက်(၁၉)နှစ်အရွယ်ရှိ နောက်ခံကစားသမားကို လက်ရှိအချိန်တွင် ဥရောပကလပ်အသင်းများစွာက ခေါ်ယူရန် စိတ်ဝင်စားနေသော်လည်း ၎င်းက အသင်းတွင်သာ ဆက်ရှိသွားမည်ဖြစ်သည်။

နောက်ခံကစားသမား ဂျို့ရှ်အမ်ချမ်ပေါင်သည် ချဲလ်ဆီးအသင်းနှင့်အတူ ၂၀၂၃-၂၀၂၄ မှ ၂၀၂၅-၂၀၂၆ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၃၉ ပွဲကစားပြီး နှစ်ဂိုးသွင်းယူထားသည်။

ချဲလ်ဆီးအသင်း၏ထုတ်ပြန်ချက်တွင် 'ဂျို့ရှ်အမ်ချမ်ပေါင် အသင်းမှာ ဆက်ရှိသွားမှာပါ။ သူဟာ အနာဂတ်မှာထွန်းတောက်လာမယ့် ကစားသမားတစ်ဦးဖြစ်လာမယ်လို့လည်း ယုံကြည်ပါတယ်' ဟု ထုတ်ပြန်သည်။

**(အောက်ပုံ)(NGB)**



## ကမ်ဘီယာဆိုအား ခေါ်ယူရန် အာဆင်နယ်အသင်း စီစဉ်



**လန်ဒန် မေ ၂၀**

အာဆင်နယ်အသင်းသည် ဂျူဗင်တပ်အသင်း နောက်ခံကစားသမား ကမ်ဘီယာဆိုအား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၆)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် ပြိုင်ပွဲစုံ ၄၁ ပွဲကစားပြီး သုံးဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။

ဂျူဗင်တပ်အသင်းကလည်း ကမ်ဘီယာဆိုအတွက် သင့်တင့်သည့် ပြောင်းရွှေ့ဈေးနှုန်းရရှိပါက မည်သည့်အသင်းကိုမဆို ရောင်းချသွားမည်ဖြစ်သည်။

ထို့ကြောင့် အာဆင်နယ်အသင်းအနေဖြင့် နွေရာသီဈေးကွက်အတွင်းတွင် ဂျူဗင်တပ်အသင်းထံမှ ကမ်ဘီယာဆိုအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။

**(အပေါ်ဝဲပုံ)(NGB)**

## ဆာဘာယ်လီ ဂျီနိုအာအသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် မေ ၂၀**

ဂျီနိုအာအသင်းသည် အသင်းနောက်ခံကစားသမား ဆာဘာယ်လီအား ၂၀၂၈ခုနှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြု ထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဂျီနိုအာအသင်းနှင့်အတူ ယခုနှစ်ဘောလုံးရာသီတွင် စီးရီးအေပွဲစဉ် ၁၃ ပွဲကစားပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

အသက်(၃၃)နှစ်အရွယ်ရှိ ဆာဘာယ်လီက 'ကျွန်တော် အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ ရလဒ်ကောင်းတွေလည်း ရယူသွားလိုပါတယ်။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်' ဟု ပြောသည်။

**(အောက်ပုံ)(NGB)**



### အင်္ဂလိပ် ပရီးမီးယားလိဂ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၂-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | (၉)ဘရိုက်တန် -<br>(L,W,W,W,D) | ချဲလ်ဆီး(၆)<br>(L,L,W,L,L) | ဘရိုက်တန် ၃-၀ ချဲလ်ဆီး<br>ချဲလ်ဆီး ၄-၂ ဘရိုက်တန် |

### ကိုပါအီတာလီယာဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်(ဒု-အကျော့)ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ် | | ပ-အကျော့ တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၂-၄-၂၀၂၆<br>နံနက် ၀၁:၃၀ နာရီ | အင်တာမီလန် -<br>(စီးရီးအေ-၁) | ကိုမို<br>(စီးရီးအေ-၅) | ကိုမို ၀-၀ အင်တာမီလန် |

### အင်္ဂလိပ်ချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၄၄) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၂-၄-၂၀၂၆<br>နံနက် ၀၁:၁၅ နာရီ | (၁)ကိုဗင်ထရီ -<br>(W,W,D,D,D) | ပို့စ်မောက်(၁၈)<br>(D,D,W,W,W) | ကိုဗင်ထရီ ၁-၀ ပို့စ်မောက်<br>ပို့စ်မောက် ၄-၁ ကိုဗင်ထရီ |
| " | (၂၃)လက်စတာ -<br>(D,D,D,L,L) | ဟားစ်စီးတီး(၆)<br>(W,D,D,L,D) | လက်စတာ ၀-၁ ဟားစ်စီးတီး<br>ဟားစ်စီးတီး ၂-၂ လက်စတာ |
| " | (၉)နော့ဝှစ်ချ် -<br>(W,D,W,L,W) | ဒါဘီ(၈)<br>(W,L,W,L,W) | နော့ဝှစ်ချ် ၁-၁ ဒါဘီ<br>ဒါဘီ ၂-၃ နော့ဝှစ်ချ် |

### စပိန်လာလီဂါ ဘောလုံးပြိုင်ပွဲ(ပွဲစဉ်-၃၃) နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်/(နောက်ဆုံး ငါးပွဲ ရလဒ်) | | ယမန်နှစ် ရလဒ် |
|---|---|---|---|
| ၂၁-၄-၂၀၂၆<br>ည ၁၁:၃၀ နာရီ | (၁၁)ဘီလ်ဘာအို -<br>(L,L,W,L,L) | အိုဆာဆူနာ(၉)<br>(D,L,W,D,D) | ဘီလ်ဘာအို ၀-၀ အိုဆာဆူနာ<br>အိုဆာဆူနာ ၁-၂ ဘီလ်ဘာအို |
| " | (၁၅)မာယော်ကာ -<br>(D,W,L,W,W) | ဗလင်စီယာ(၁၄)<br>(W,L,W,L,L) | မာယော်ကာ ၂-၁ ဗလင်စီယာ<br>ဗလင်စီယာ ၁-၀ မာယော်ကာ |
| ၂၂-၄-၂၀၂၆<br>နံနက် ၀၂:၀၀ နာရီ | (၁၂)ဂျီရိုနာ -<br>(D,W,L,W,D) | ဘက်တစ်(၅)<br>(L,D,D,D,L) | ဂျီရိုနာ ၁-၃ ဘက်တစ်<br>ဘက်တစ် ၁-၁ ဂျီရိုနာ |
| " | (၂)ရီးရဲလ်မက်ဒရစ် -<br>(W,L,L,D,L) | အလာဗက်စ်(၁၇)<br>(L,D,W,D,D) | ရီးရဲလ်မက်ဒရစ် ၃-၂ အလာဗက်စ်<br>အလာဗက်စ် ၀-၁ ရီးရဲလ်မက်ဒရစ် |

### ပြင်သစ်ဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် နိုင်ကမ္ဘာ

| ရက်/အချိန် | ပွဲစဉ်(အမှတ်ပေးပွဲအဆင့်) | | နောက်ဆုံး တွေ့ဆုံမှုရလဒ် |
|---|---|---|---|
| ၂၂-၄-၂၀၂၆<br>နံနက် ၀၁:၄၀ နာရီ | လန်းစ် -<br>(ပြင်သစ်လီဂူး-၂) | တူးလော့စ်<br>(ပြင်သစ်လီဂူး-၁၁) | လန်းစ် ၃-၂ တူးလော့စ်<br>တူးလော့စ် ၀-၃ လန်းစ် |

## ပြည်တွင်းထုတ် ဒီဇယ်များကို တောင်သူများထံသို့ တိုက်ရိုက်ရောင်းချပေး



**မကွေး ဧပြီ ၂၀**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့တို့နှင့် ပူးပေါင်း၍ ပြည်တွင်းထုတ် ဒီဇယ်ဆီများကို ပွင့်ဖြူမြို့နယ်နှင့် နတ်မောက်မြို့နယ်အတွင်းရှိ တောင်သူများထံ အထူးသက်သာသော ဈေးနှုန်းဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဧပြီ ၁၉ ရက်တွင် ပွင့်ဖြူမြို့နယ်အတွင်း နွေစပါး စိုက်ပျိုးရေးနှင့် ဆီထွက်သီးနှံထွက်နယက်စိုက်ပျိုးရေးအတွက် မြေပြင်ရန် ကျန်ရှိသော စိုက်ဧက ၂၀၅၆၉ ဧကအတွက် တစ်ဧကလျှင် တစ်ဂါလန်နှုန်းဖြင့် ပြည်တွင်းထုတ် ဒီဇယ်ဆီ ၂၀၅၆၉ ဂါလန်ကို ကျေးရွာများအတွက် စုရပ်(၅) နေရာ၌ တောင်သူများ လက်ဝယ်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချပေးခဲ့သည်။

ထို့ပြင် နတ်မောက်မြို့နယ်ရှိ နွေစပါးနှင့် ဆီထွက်သီးနှံထွက်နယက်စိုက်ပျိုးရန် ကျန်ရှိသော မြေဧက ၄၅ ဧကအတွက် ပြည်တွင်းထုတ် ဒီဇယ်ဆီ ၄၅ ဂါလန်အား စရုံအိုင်ကျေးရွာအုပ်စု စိုက်ပျိုးရေး စုရပ်ဆုံနေရာ၌ တောင်သူများ လက်ဝယ်အရောက် သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချခဲ့သည်။

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနမှ တောင်သူများကို စက်သုံးဆီ အခက်အခဲ လျော့နည်းသက်သာစေရေးနှင့် ဈေးနှုန်းသက်သာစွာဖြင့် အလွယ်တကူ ဝယ်ယူရရှိနိုင်ရေးအတွက် ၂၀၂၅-၂၀၂၆ ခုနှစ် နွေစပါးနှင့် ဆီထွက်သီးနှံထွက်နယက်စိုက်ပျိုးရန် ကျန်ရှိသည့် ကျေးရွာများသို့ ပြည်တွင်းထုတ် ဒီဇယ်ဆီ တစ်ဂါလန်လျှင် ငွေကျပ် ၁၀,၀၀၀ နှုန်းကို လက်ငင်းငွေချေစနစ်ဖြင့် လုပ်ငန်းခွင်အရောက် တိုက်ရိုက်ဖြန့်ဖြူးရောင်းချလျက်ရှိကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

**မောင်ခိုင်းမင်း(ပြန်/ဆက်)**



မန္တလေး၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ ရွှေညောင်ပင်ရပ်၊ ဓမ္မပါလဓမ္မာရုံရှေ့တွင် ဧပြီ ၁၇ ရက် ညနေ ၅ နာရီခွဲက အန္တရာယ်ကင်းပရိတ်တရားတော်နာယူကြည်ညိုပွဲ ကျင်းပရာ မဟာဝိစိတာရာမတိုက်၊ မင်္ဂလာမဥ္ဇူကျောင်းဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသော ပရိတ်တရားတော်များကို ဓမ္မပါလဓမ္မာရုံ ဂေါပကအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရပ်ကွက်နေပြည်သူများက နာယူကြည်ညိုကြစဉ်။

(ဝ၅၃)

## မန္တလေးတွင် အိမ်သုံးဆိုလာချပ်များ ဝယ်လိုအားကောင်းနေ

**မန္တလေး ဧပြီ ၂၀**

မန္တလေးမြို့၏ လျှပ်စစ်ပစ္စည်းဈေးကွက်အတွင်း အိမ်သုံးဆိုလာချပ်များမှာ ပစ္စည်းပြတ်လပ်သည်အထိ ဝယ်လိုအားကောင်းမွန်လျက်ရှိသည်။

လက်ရှိတွင် ဆိုလာချပ်များကို ဝယ်ယူအသုံးပြုသူ များပြားလာခြင်းကြောင့် ဈေးကွက်အတွင်း အရောင်းအဝယ် အလွန်သွက်နေသည့် အခြေအနေဖြစ်သည်။

ဆိုလာချပ် လက်လီ၊ လက်ကား ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၏ ပြောကြားချက်အရ ယခုနှစ်အတွင်း ဆိုလာချပ်များမှာ ပုံမှန်ထက် ဝယ်လိုအား ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

ပစ္စည်းများမှာလည်း အရောင်းသွက်နေသဖြင့် ဈေးကွက်အတွင်း လိုအပ်ချက်များရှိနေပြီး အရောင်းဆိုင်များတွင် ပစ္စည်းပြတ်လပ်မှုများပင် ကြုံတွေ့နေရသည်။

"ပစ္စည်းက ဆိုင်ပေါ်ရောက်တာနဲ့ တစ်ရက်အတွင်း ကုန်သွားပါတယ်။ ဈေးနှုန်းကလည်း ဆက်တိုက်အတက်ဘက်မှာပဲ ရှိနေတယ်။ အရင်လတွေကထက် စာရင် တစ်ချပ်ကို ငွေကျပ် တစ်သိန်းဝန်းကျင်လောက်အထိ ဈေးတက်သွားတယ်"ဟု လက်လီအရောင်းဆိုင်တစ်ခုမှ မန်နေဂျာတစ်ဦးက ဈေးကွက်အခြေအနေကို ပြောသည်။

ဈေးနှုန်းပြောင်းလဲမှု အခြေအနေအရ ယခုနှစ် ဇန်နဝါရီလပိုင်းက ငွေကျပ် သုံးသိန်းအောက်သာရှိခဲ့သည့် 610W ဆိုလာချပ်တစ်ချပ်မှာ လက်ရှိတွင် ငွေကျပ်လေးသိန်းနှင့်အထက် ပေါက်ဈေးရှိနေသည်။



ဝယ်လိုအား ကောင်းမွန်နေခြင်းနှင့်အတူ ပစ္စည်းအမျိုးအစားအလိုက် ဈေးနှုန်းများမှာလည်း ယခင်ထက် မြင့်တက်လာသည့် အနေအထားတွင် ရှိနေသည်။

လက်ရှိဈေးကွက်အတွင်း 50W မှ 610W အထိ အသုံးပြုနိုင်သော ဆိုလာချပ်များမှာ အရောင်းအဝယ်ဖြစ်နေပြီး အာမခံသက်တမ်း ၁၀ နှစ်အထက် ပါဝင်သည့် တရုတ်နိုင်ငံထုတ် အမျိုးမျိုးသော အမှတ်တံဆိပ်များမှာ အရည်အသွေးနှင့် ဈေးနှုန်း မျှတမှုရှိခြင်းကြောင့် ဝယ်ယူသူများအကြား ရေပန်းစားလျက်ရှိကြောင်း သိရသည်။

(ဝဲပုံ)

**(မန္တလေးနေ့စဉ်-စ)**

✱-✱-✱-✱-✱-✱-✱



## စားသုံးသူပြည်သူများ လက်ဝယ်သို့ စားအုန်းဆီများ အပြည့်အဝ ထုတ်ယူရရှိရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး စားအုန်းဆီဖြန့်ဖြူးရောင်းချခြင်း ကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်ချက်ဖြင့် တောင်တွင်းကြီးမြို့နယ်အတွင်းရှိ ခွဲဝေရရှိသည့် ပြည်သူ့ဆီ နှစ်ရာခိုင်နှုန်းအမြတ်ဖြင့် ရောင်းချသော စားအုန်းဆီများအား မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ စားသုံးသူပြည်သူများ လက်ဝယ်သို့ အပြည့်အဝ ပျံ့ပျံ့နှံ့နှံ့ ရောက်ရှိစေရန်နှင့် သတ်မှတ်ရည်ညွှန်းဈေးများအတိုင်း ရောင်းချစေရေးအတွက် တောင်တွင်းကြီးမြို့နယ် စာအုန်းဆီ လက်လီ၊လက်ကား ရောင်းချနေသော ဆိုင်များသို့ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအဖွဲ့၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့၊ စားအုန်းဆီတင်သွင်းဖြန့်ဖြူးကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ဇင်ဦး၊ စားသုံးသူရေးရာဦးစီးဌာန မြို့နယ်တာဝန်ခံ ဒေါ်ငွေငွေ ဦးဆောင်၍ ပူးပေါင်းအဖွဲ့က ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ စစ်ဆေးရာတွင် မြန်မာ့ရိုးရာ နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း အလှူအတန်းများသည့်အတွက် စားအုန်းဆီများ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ထုတ်လုပ်သည့် လုပ်ငန်းများတွင်ကျယ်လာသည့်အပေါ်တွင် မကွေးတိုင်းဒေသကြီး စက်မှုလုပ်ငန်းသုံးဆီများ ထုတ်ယူရရှိသည့် လုပ်ငန်းများတွင် အမှန်တကယ် သုံးစွဲမှုရှိ၊ မရှိ၊ စားအုန်းဆီ လက်လီ၊ လက်ကား ရောင်းချနေသည့်ဆိုင်များတွင် ဆိုင်းဘုတ်တင်ရောင်းချခြင်း ရှိ၊ မရှိ၊ အလေးချိန် ပြည့်၊ မပြည့်၊ ဆီအရည်အသွေး ကောင်း၊ မကောင်းတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**နောင်နောင်(ဗိသနိုးမြေ)**

## အခမ်းအနားမှူးသင်တန်းဆင်းပွဲ ကျင်းပ

**ပြင်ဦးလွင် ဧပြီ ၂၀**

နွေရာသီကျောင်းပိတ်ရက်များအတွင်း ကျောင်းသား၊ကျောင်းသူများ အချိန်ကို အကျိုးရှိစွာ အသုံးချတတ်စေရန် ရည်ရွယ်၍ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြု ဗဟိုဌာန (Community Centre)တွင် ပြင်ဦးလွင်မြို့နယ်အတွင်းရှိ အခြေခံပညာအထက်ကျောင်းများမှ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခမ်းအနားမှူးသင်တန်း ဖွင့်လှစ်ပို့ချခဲ့ရာ ယမန်နေ့ မွန်းလွဲ ၁ နာရီက အခမ်းအနားမှူးအဖြစ်တာဝန်ယူတင်ဆက်ခြင်းပြိုင်ပွဲ သင်တန်းဆင်းပွဲ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်မင်းဦးက သင်တန်းဆင်းအမှာစကား ပြောကြားပြီး ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များနှင့် အမှတ်ပေးစည်းမျဉ်းများအား ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်း ဒုတိယဥက္ကဋ္ဌ MC ဒေါ်အေဇင်မေက ရှင်းလင်းပြောကြားခဲ့ကာ အခမ်းအနားမှူးအဖြစ်တာဝန်ယူတင်ဆက်ခြင်း ပြိုင်ပွဲ ကျင်းပခဲ့သည်။

ထို့နောက် သင်တန်းဆင်းပွဲကို ဆက်လက်ကျင်းပရာ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဥက္ကဋ္ဌ စာရေးဆရာ ကိုရွှေအောင်သင်းက ဒိုင်ချုပ်အဖြစ်ဆောင်ရွက်ပြီး ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ဒုတိယဥက္ကဋ္ဌ MC ဒေါ်အေဇင်မေ၊ ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွှန်းနန်းထွေးနှင့်ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန အကြီးတန်းစာရေး ဒေါ်ဇာဇာဝင်းတို့က အကဲဖြတ်ဒိုင်များအဖြစ် အသီးသီးဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ စာရေးဆရာ ကိုရွှေအောင်သင်းက သင်တန်းသား၊ သင်တန်းသူများကို သင်တန်းဆင်းလက်မှတ်များ ပေးအပ်ချီးမြှင့်ခဲ့ပြီးနောက် သင်တန်းသား၊ သင်တန်းသူများ၏ ကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ခဲ့ကြောင်း သိရသည်။

(အောက်ပုံ)

**သွေးသွေး(ခရိုင်-ပြန်/ဆက်)**



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ထုတ်ပြန်ခြင်း

၁။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များနှင့်အညီ ကော်မရှင်၏လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိရာတွင် ကော်မရှင်၏ ဆောင်ရွက်ချက်များကို အများပြည်သူသိရှိနိုင်ကြစေရန်အတွက် ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်ပတ်လည်အစီရင်ခံစာကို နှစ်စဉ်ထုတ်ပြန်လျက်ရှိပါသည်။ ၂၀၂၅ ခုနှစ် အစီရင်ခံစာကို မြန်မာဘာသာဖြင့် ၂၀၂၆ ခုနှစ် မတ်လတွင် ပုံနှိပ်ထုတ်ပြန်ခဲ့ပါသည်။ ယင်းအစီရင်ခံစာကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ Website ဖြစ်သည့် http://mnhrc.org.mm တွင် လွှင့်တင်ဖော်ပြထားပါသည်။

၂။ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တစ်နှစ်တာကာလအတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေးလုပ်ငန်းများ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများ၊ လူ့အခွင့်အရေးနှင့်စပ်လျဉ်းသည့် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ဥပဒေရေးရာဆောင်ရွက်ချက်များနှင့် ကော်မရှင်ရုံးမှ ဌာန (၆) ခု၏ လုပ်ငန်းဆောင်ရွက်ချက်များ ပါဝင်ပါသည်။ ကော်မရှင်၏ ၂၀၂၅ ခုနှစ်အတွင်း လူ့အခွင့်အရေးမြှင့်တင်ပညာပေးရေး ဆောင်ရွက်ချက်များတွင် လူ့အခွင့်အရေးအသိပညာပေး ရှင်းလင်းဆွေးနွေးဟောပြောပွဲ (၆) ကြိမ်၊ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာပို့ချမှု (၇၄) ကြိမ်၊ သတင်းထုတ်ပြန်ချက် (၁၇) ခုနှင့် လူ့အခွင့်အရေးဆိုင်ရာအသိပညာပေး စာအုပ်စာတမ်းများ၊ စာစောင်များ ပုံနှိပ်ထုတ်ဝေဖြန့်ချီခြင်း၊ ကော်မရှင်၏ ဆောင်ရွက်ချက်များကို e-newsletter ထုတ်ဝေခြင်းများ ပါဝင်ပါသည်။ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများတွင် တိုင်စာများစုံစမ်းစစ်ဆေးခြင်း၊ ရဲစခန်း၊ အချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများအပါအဝင် အကျဉ်းထောင်၊ အချုပ်ထောင်၊ အကျဉ်းစခန်း (၂၁) ခု၊ လူငယ်သင်တန်းကျောင်း၊ မသန်စွမ်းကျောင်း၊ ဘိုးဘွားရိပ်သာ (၁၀) ခုတို့သို့ သွားရောက်စစ်ဆေးခဲ့ခြင်းနှင့် တွေ့ရှိချက်များအပေါ် အကြံပြုချက် စုစုပေါင်း (၃၂၆) ချက်ကို သက်ဆိုင်ရာဌာနများသို့ ပေးပို့ခြင်းတို့ ပါဝင်ပါသည်။ လူ့အခွင့်အရေးဘာသာရပ်နှင့် သိမှတ်ဖွယ်ရာဘာသာရပ်များကို သုတေသနပြုခြင်း၊ အသိပညာမျှဝေဆွေးနွေးခြင်းများလည်း ပြုလုပ်ခဲ့ပါသည်။ ကော်မရှင်သည် စတင်တည်ထောင်ခဲ့သည့်အချိန်မှစ၍ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းတာဝန်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် နှစ်စဉ်လုပ်ငန်းစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ၂၀၂၅ ခုနှစ်၊ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းများကို ယခု ၂၀၂၅ ခုနှစ်၊ နှစ်ပတ်လည်အစီရင်ခံစာတွင် ဖော်ညွှန်းတင်ပြထားပါသည်။



၃။ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ၂၀၂၅ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် စပ်လျဉ်းပြီး ဝေဖန်အကြံပြုလိုပါက ကော်မရှင်ရုံး အမှတ် (၂၇)၊ ပြည်လမ်း၊ ၆ မိုင်ခွဲ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့ သို့လည်းကောင်း၊ အီးမေးလ် info@mnhrc.org.mm သို့ လည်းကောင်း ပေးပို့နိုင်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်



## အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် သွားတုအံကပ်တပ်ဆင်ပေးနေမှုအား ကြည့်ရှုအားပေး

**မကွေး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး အတွင်းရှိ သက်ကြီးဘိုးဘွားများ၏ လူမှုစီးပွားဘဝနှင့် ကျန်းမာရေး ကဏ္ဍမြှင့်တင်နိုင်စေရန် ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် အခမဲ့မျက်စိစမ်းသပ်ကုသပေးခြင်းနှင့် သွားတုအံကပ်များ အခမဲ့တပ်ဆင်ပေးနေမှုကို ဧပြီ ၁၉ ရက် နံနက်ပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်ကိုကို၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ဌေး၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါ၍ သက်ကြီးအဘိုး၊အဘွားများအား အခမဲ့ မျက်စိကုသပေးခြင်းနှင့် သွားတုအံကပ်တပ်ဆင်ပေးနေမှုအား သွားရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မကွေးတိုင်းဒေသကြီး ပြည်သူ့ဆေးရုံကြီးတွင် သက်ကြီးအဘိုး၊အဘွားများအား အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးကုသဆောင်ရွက်ပေးနေမှု၊ သွားတုအံကပ်တပ်ဆင်ပေးနေမှု၊ အခမဲ့မျက်စိကုသဆောင်ရွက်ပေးနေမှုနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုပေးနေမှုများအား လှည့်လည်ကြည့်ရှု၍ ဆေးဝါးကုသမှုခံယူနေသော သက်ကြီးအဘိုး၊ အဘွားများအား ရင်းရင်းနှီးနှီးတွေ့ဆုံ၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာဌာနအသီးသီးနှင့် ပေါင်းစပ်ပြီး တိုင်းဒေသကြီးအတွင်း ပြည်သူလူထုတွေ အကျိုးရှိမယ့်လုပ်ငန်းတွေကို စဉ်ဆက်မပြတ် ထောင့်စေ့အောင် ကြိုးစားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ပြောကြားကာ မကွေးမြို့ပေါ်နှင့် ဖန်ခါးမြေ ဘိုးဘွားရိပ်သာမှ သက်ကြီးဘိုးဘွားများအား အခမဲ့ဆေးဝါးကုသပေးနေမှုအား ကြည့်ရှုအားပေးပြီး ဘိုးဘွားများကို အာဟာရဖြည့်စွက်စာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မကွေးတိုင်းဒေသကြီးအတွင်း ယခုကဲ့သို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းဖြင့် မိမိတို့ ဒေသရှိ ဘိုးဘွားများအနေဖြင့် အမြင်အာရုံ ပြန်လည်ကောင်းမွန်လာပြီး အစားအစာများကို ကောင်းမွန်စွာ စားသောက်နိုင်ခြင်းကြောင့် ကျန်းမာကြံ့ခိုင်သော လူမှုဘဝကို ပိုင်ဆိုင်နိုင်စေရန်အတွက် အခမဲ့ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အခမဲ့ ဆေးကုသမှုအဖြစ် သွားနှင့် ခံတွင်းအထူးကုဆရာဝန်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် အထွေထွေရောဂါကုဆရာဝန်ကြီးများက ဦးဆောင်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်နိုင်မင်း(ပြန်/ဆက်)**

## Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းခြင်းလုပ်ငန်း နေ့စဉ်ကွင်းဆင်းဆောင်ရွက်

**တောင်တွင်းကြီး ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ တောင်တွင်းကြီးမြို့နယ် ရေးဟောင်းသမိုင်းဝင် ဇေယျမင်္ဂလာရွှေအင်းတောင်စေတီတော်မြတ်ကြီး၌ ဖွင့်လှစ်လျက်ရှိသည့် အပူရှောင်စခန်းတွင် လာရောက် အပူရှောင်ကြသည့် သက်ကြီးဘိုးဘွားများအား Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းခြင်းလုပ်ငန်းကို ယမန်နေ့မှ စတင်ကာ နေ့စဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ Mobile Library စနစ်ဖြင့် စာအုပ်၊ စာစောင်များ ငှားရမ်းဆောင်ရွက်ရာတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းမြတ်က စာကြည့်တိုက်သို့ လာရောက်ရန် အခက်အခဲရှိသည့် စာပေချစ်မြတ်နိုးသူ၊ အပူရှောင်စခန်းမှ သက်ကြီးဘိုးဘွားများအား အခက်အခဲမရှိ သက်တောင့်သက်သာ စာဖတ်နိုင်စေရေး၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန်နှင့် စာဖတ်ပရိသတ်များ တိုးပွားလာစေရန် ရည်ရွယ်၍ Mobile Library စနစ်ဖြင့် သုတ၊ ရသ၊ ဝတ္ထု၊ မဂ္ဂဇင်းများ ပါဝင်သည့် စာအုပ်၊ စာစောင်မျိုးစုံကို ငှားရမ်းဖတ်ရှုနိုင်စေရန် ဖွင့်လှစ်ပေးထားပြီး သဘာဝဘေးအန္တရာယ်၊ မီးဘေးအန္တရာယ်၊ အယ်လ်နီညို ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်၊ အပူဒဏ်အန္တရာယ်နှင့် ကျန်းမာရေးပြဿနာများ ကြိုတင်ကာကွယ်ရေး နှိုးဆော်ချက် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းထားရှိကြောင်း သိရသည်။ **(အောက်ပုံ)**

**နောင်နောင်(မိဿနီးမြေ)**



## ကျောက်ဆည်မြို့နယ်၌ ခရမ်းချဉ်စိုက်ပျိုးသူများ ဈေးကောင်းရသဖြင့် အဆင်ပြေလျက်ရှိ

**ကျောက်ဆည် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်မြို့နယ်အတွင်းရှိ တောင်သူများသည် ဆန်စပါးကို အဓိကထား စိုက်ပျိုးကြသော်လည်း တောင်သူအချို့သည် စီးပွားရေးတွက်ခြေကိုက်မည့် သီးနှံများ တွဲဖက်စိုက်ပျိုးလျက်ရှိရာ ရန်ပုံနှစ်ကျေးရွာတွင် စိုက်ပျိုးထားသော ပံတံဆိပ် တစ်သုံးလုံး ခရမ်းချဉ်သီးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ဈေးကောင်းရသဖြင့် ခရမ်းချဉ်စိုက်တောင်သူများ အဆင်ပြေလျက်ရှိသည်။

ခရမ်းချဉ်စိုက်ပျိုးမည်ဆိုပါက အပင်သေပျောက်မှုမရှိစေရေး မျိုးစေ့များကို ပျိုးအိတ်များတွင် ပျိုးထောင်ပြီး သန်မာသည့်ပျိုးပင်များကို ရွေးချယ်ကာ မြေပြင်ထားသော စိုက်ခင်းတွင် ပြောင်းရွှေ့စိုက်ပျိုးကြကြောင်း၊ စိုက်ပျိုးပြီး ၄၅ ရက်တွင် ရောင်းတန်းဝင်အသီးများ စတင်ခူးခွတ်ရကြောင်း၊ ရာသီဥတုကောင်းမွန်ပြီး အပင်အပြုအစုကောင်းပါက ခူးဆွတ်ရောင်းချချိန် ခြောက်လခန့်ကြာမြင့်ကြောင်း၊ ရောင်းဈေးအနေဖြင့် ခရမ်းချဉ်သီး တစ်ပိဿာလျှင် ငွေကျပ် ၄၀၀၀ ဖြင့် ရောင်းချရသဖြင့် ခရမ်းချဉ်စိုက်ပျိုးရောင်းချသူများ စီးပွားရေး အဆင်ပြေလျက်ရှိသည်။

ပံတံဆိပ် တစ်သုံးလုံး ခရမ်းချဉ်သီးသည် အခွံထူပြီး အထားခံသောကြောင့် အခြားခရမ်းချဉ်မျိုးများထက် ပိုမိုအစိုက်များကြောင်း ကာလရှည်ခူးဆွတ်ရောင်းချရသည့်အတွက် ရောင်းဈေးအနေဖြင့် အမျိုးမျိုးရှိသော်လည်း အခင်းဖျက်သိမ်းချိန်အထိ သွင်းအားစု ကုန်ကျစရိတ်နှင့် ရောင်းချရငွေ နှိုင်းယှဉ်ပါက အကျိုးအမြတ်ရှိသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ခရမ်းချဉ်သီးနှံ နှစ်စဉ်စိုက်ပျိုးရောင်းချသည့် သံရွာကျေးရွာအုပ်စု၊ အေးကျေးရွာမှ တောင်သူ ဦးဇော်ထွန်းက ပြောသည်။

**(၄၈၅)**

# ဆိုစကားရယ် ချိုသာစွာကွယ်

မန်းမြေမှ ပန်းသပြေ

**ဗုဒ္ဓဘုရားရှင်သည် လူတို့၏ နှုတ်မှထွက်သောစကားသည် တန်ဖိုးရှိလှသဖြင့် စကားခြောက်ခွန်းတွင်၊ လေးခွန်းကိုပယ်လျက် တရားသဖြင့် မှန်ကန်စွာ၊ နှစ်လိုဖွယ်ရှိ၍ ပြောဆိုသူ၊ နားထောင်သူ နှစ်ဦးနှစ်ဖက်ကောင်းကျိုး ရရှိစေနိုင်သော စကားနှစ်ခွန်းကိုသာ ပြောဆိုရန် ဟောမြွက်တော်မူပါသည် ...**

လူသားကမ္ဘာ၊ လူသားလောကကြီးတွင် ကမ္ဘာ့နိုင်ငံအသီးသီး ရှိကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင်လည်း လူမျိုးပေါင်းစုံ နေထိုင်ကြသည်။ ထိုသို့နေထိုင်ကြသော လူမျိုးပေါင်းစုံတို့သည် မိမိတို့လူမျိုးအလိုက် ပြောဆိုဆက်ဆံဆက်သွယ်ကြသော ကိုယ်ပိုင်ဘာသာစကားအသီးသီးရှိကြပေသည်။ ထိုဘာသာစကားတိုင်းသည် လူနှင့်လူ့ပတ်ဝန်းကျင်တွင် အတူနေထိုင်စဉ်အတွင်း ပေါင်းသင်းဆက်ဆံရေး အဆင်ပြေချောမွေ့စေရန်အတွက်ဟုဆိုက ငြင်းဆိုဖွယ်ရာမရှိပါ။ သို့သော် စကားတစ်လုံးသည် ပျော်ရွှင်စေနိုင်သော ပန်းလေးတစ်ပွင့် ဖြစ်နိုင်သလို နာကျင်ခံခက်စေနိုင်သော ဆူးတစ်ချောင်းလည်း ဖြစ်စေနိုင်သည်မို့ စကားအရာ ပြောဆိုရာတွင် ဆင်ခြင်စဉ်းစားကာ ချိုမြသောစကားကိုသာ ရွေးချယ်ပြောဆိုဆက်ဆံသင့်လှပေသည်။

စကားဆိုသည်မှာ မိမိတို့၏အတွေးပုံရိပ်များ၊ ခံစားချက်ရသများ၊ အတွေ့အကြုံသုတစသည်များကို စကားဖြင့်ပုံဖော်ခြင်း၊ မျိုးနွယ်စုတစ်ခု၏ ယဉ်ကျေးမှုအနုသယများကို နှုတ်အားဖြင့် တန်ဆာဆင်ခြင်းတို့ပင်ဖြစ်သည်။ ထို့ကြောင့် စကားဆိုသည်မှာ အချင်းချင်းဆက်သွယ်ဆက်ဆံရာတွင် လွယ်ကူစွာနားလည်စေနိုင်သော အဓိပ္ပာယ်ရှိသည့် နှုတ်မြွက်သံ၊ ပြောဆိုချက်ဟု တချို့က ဆိုကြသည်။ တစ်နည်းဆိုရသော် ဆက်သွယ်ရေး ကြားခံတစ်ခုသာဖြစ်သည်။ ထိုကြားခံဖြစ်သော စကားတစ်ခွန်းသည်ပင် လူသားလောကကြီးကို ကြီးမားစွာပြောင်းလဲသွားစေနိုင်သည်။ ထိုစကားတစ်ခွန်းကြောင့်လည်း လူတို့၏နှလုံးသားကို နွေးထွေးသွားစေနိုင်သလို လူတို့၏စိတ်နှလုံးဘဝင်တွင် မှတ်မှတ်ထင်ထင်ဖြစ်ကာ ခံခက်နာကြည်း၍လည်း သွားစေနိုင်ပေသည်။ စိတ်ဓာတ်ခွန်အားများ နိုးကြားတက်ကြွလာအောင်လည်း စွမ်းဆောင်နိုင်သလို စိတ်ဓာတ်ခွန်အား ကျဆင်းပျက်စီးသွားအောင်လည်း ဖြိုဖျက်ပစ်နိုင်သည်ဟု ဆရာများက ဆုံးမခဲ့သည်ကို မှတ်သားဖူးပါသည်။

ပျူခေတ်မှစပြီး မြန်မာ့သမိုင်းကို သင်ကြားပေးသော သမိုင်းသုတေသီဆရာ၊ ရှေးယခင်မင်းဘုရင်အဆက်ဆက် တည်ထားဆောက်လုပ်ခဲ့သော စေတီ၊ ပုထိုး၊ နန်းဆောင်အမျိုးမျိုးမှစ၍ မြန်မာမှုအနုလက်ရာများအကြောင်း၊ သံချိုသံမြတီးခတ်မှုမှစ၍၊ "ခွန်းထောက်၊ သဖြန်၊ ဘောလယ်၊ တေးထပ်၊သီချင်းကြီး၊သီချင်းခန့်" စသည့်မြန်မာ့ရိုးရာ "ကဗျာ၊ စာပေ၊ ဂီတ" စသည်များအကြောင်းကို သင်ကြားပို့ချပေးသော ဆရာ၊ ထိုဆရာများ၏ သင်ကြားပို့ချချက်များတွင် စကားအရာလိမ္မာယဉ်ကျေးစေသော နှုတ်မှုအတတ်ပညာများ ပါဝင်သဖြင့် စကားပြောရာ ဆင်ခြင်စရာများကို မှတ်သားခဲ့ရဖူးပါသည်။

ဆရာကြီးတို့၏မိန့်ဆိုချက်တွင် နှုတ်ထွက်စကားတစ်ခွန်း၏စွမ်းအားသည် လွန်စွာကြီးမားကြောင်း၊ ထိုစကားသည် ချက်ချင်းအကျိုးသက်ရောက်နိုင်ကြောင်းရှိသည်ဟုလည်း ဆိုပါသည်။ စကားလုံးများပြောဆိုလိုက်သည့်အခါ လေယူလေသိမ်း၊ အသံနေအသံထား၊ အသံအနိမ့်အမြင့်၊ မျက်နှာမူမျက်နှာမောင်း၊ ကိုယ်နေဟန်ထား၊ စကားလုံး၏အနက်အဓိပ္ပာယ်နက်ရှိုင်းမှု စသည်များကြောင့် စကားအရာ အရေးပါသည့် စွမ်းအား၊ စွမ်းပကားများ ဖြစ်ပေါ်လာကြရသည်။ ထိုသည်ပင် ပြောဆိုသည့်စကားတိုင်း၏ သက်ဝင်မှုစွမ်းပကားမို့ စကားပြောဆိုရာတွင် စဉ်းစားဆင်ခြင်၍ ပြောသင့်ပြောထိုက်သောစကားများကို ချိုသာစွာ ပြောဆိုရန် ဆုံးမဖူးပါသည်။ ဥပမာဆိုရပါမူ မိမိအမှားကို ရိုးသားစွာဝန်ခံ၍ ချိုသာစွာတောင်းပန်လိုက်ခြင်းသည်ပင် အက်ကွဲနေသောဆက်ဆံရေးတစ်ခု ပြန်လည်သင့်မြတ်သွားစေနိုင်သည်။ ချစ်ခင်မြတ်နိုးကြောင်း ဖွင့်ဟမိသောချိုမြိန်သည့် မေတ္တာစကားကြောင့် ဘဝနှစ်ခုပေါင်းစပ်မှု အကျိုးရလဒ်ကောင်းများ ဖြစ်ပေါ်စေနိုင်ပေသည်။မေတ္တာဖြင့်ဆိုသောစကားသည် စည်းလုံးစေနိုင်သည်။ ညီညွတ်စေနိုင်သည်။ ထိုမေတ္တာဖြင့် ပြောဆိုသော နူးညံ့သိမ်မွေ့သည့်စကားသည် ရင်ကိုအေးမြစေလျက် ငြိမ်းချမ်းမှုကိုရစေနိုင်သည်ဟု ဆိုပါသည်။ ခက်ထန်မာကျောသော ဒေါသစကားသည် ပဋိပက္ခတရားများကို ပွားတိုးစေလျက် နှလုံးရင်ကို လောင်မြိုက်ပူလောင်စေတတ်သည်ဟုလည်း ဆိုပါသည်။ ထို့ကြောင့် ပျားသကာကဲ့သို့ ချိုမြိန်သော စကားများရှိသလို ဓားသွားထက်ပင် ကြောက်စရာကောင်းသော အဆိုးစကားများလည်းရှိနေသဖြင့် စကားပြောဆိုရာတွင် သတိထား၍ ပြောဆိုဆက်ဆံကြရန်လိုအပ်ကြောင်း ဆုံးမဖူးပါသည်။

ထို့ပြင် စကားအရာပြောဆိုရာတွင် မလိုအပ်ပါဘဲ အကြောင်းအကျိုးဆက်စပ်မှုမရှိ၊ ရှည်လျားများပြားစွာ ပြောဆိုခြင်းသည် အကျိုးမရှိနိုင်သလို ပြောဆိုရန် အခွင့်အခါသင့်ပါလျက် သင့်မြတ်သော စကား၊ အကျိုးရှိသောစကား မပြောကြားမိသဖြင့် နောင်တကြီးစွာရတတ်ကြောင်း၊ မိမိကိုယ်ကို နှိမ့်ချပြောဆိုသောစကား၊ မိမိအပေါ် မေတ္တာတရားလျော့ပါးစေမည့် ဂုဏ်ငယ်စေသောစကားများကို ပြောဆိုမိပါက မိမိကိုယ်ကို ယုံကြည်မှုနည်းပါးစေလျက် စိတ်ဓာတ်ရေးရာ ကျဆင်းပျက်စီးစေနိုင်သဖြင့် ထိုပြောဆိုခြင်းမျိုးကိုလည်း ရှောင်ကြဉ်သင့်ကြောင်း ဆုံးမဖူးပါသည်။

စကားအရာပြောဆိုရာတွင် ယဉ်ကျေးသိမ်မွေ့စွာ လိမ္မာပါးနပ်ရန်လည်း လိုအပ်ပါသည်။ နှစ်လိုဖွယ်ရှိအောင် ချိုမြသောစကားကိုလည်း ဆိုရပါမည်။ သာဓကအားဖြင့်ဆိုရပါမူ ရပ်ရွာထဲတွင် ပြောဆိုနေကြသော အရပ်ပြောစကား ပုံပြင်တစ်ပုဒ်တွင်၊ တောရွာတစ်ရွာ၌ သူငယ်ချင်းသုံးယောက်တို့သည် ငယ်စဉ်အခါကပင် ဆန့်ဖွပ်သောလုပ်ငန်းဖြင့် ချစ်ခင်စွာအတူနေထိုင်လာခဲ့ကြသည်။ တစ်ဦးက မောင်းထောင်း၊ တစ်ဦးက ဆန်ထည့်၊ တစ်ဦးက ဆန်ပြာနှင့်အလွန်ချစ်ခင်ကြသော သူငယ်ချင်းများလည်းဖြစ်ကြသည်။ အသက်အရွယ်ရ၍ ကြီးပြင်းလာကြသောအခါ ရေကြည်ရာ မြက်နုရာ ဒေသသို့ပြောင်းရွှေ့ကာ ရှာဖွေစားသောက်ကြရင်း သူတို့အချင်းချင်း တစ်ယောက်တစ်နယ်စီခြားကာ ကွဲကွာသွားခဲ့ကြသည်။ ထိုသို့နေလာသည်မှ တစ်နေ့သောအခါ ကံကောင်းထောက်မ၍ တစ်ဦးပုဂ္ဂိုလ် မောင်းထောင်းသောလူငယ်သည် တိုင်းပြည်၏ အရှင်သခင် ရှင်ဘုရင်ဖြစ်လာခဲ့သည်။ ထိုသတင်းကိုကြားလျှင်ကြားချင်း အခြားသူငယ်ချင်းများသည် "တို့သူငယ်ချင်းတော့ ကောင်းစားနေပြီ၊ သွားထံသွားရောက်တွေ့ဆုံလျှင်ဖြင့် တို့လည်းအနည်းနဲ့အများ ကောင်းစားမှာပဲ"လို့ တွေးတောကာ ဝမ်းသာအားရ သွားရောက်တွေ့ဆုံကြပါသည်။ နန်းတော်အတွင်းထဲရောက်သည့်အခါ မင်းချင်းတို့ထံမှတစ်ဆင့် တွေ့ခွင့်တောင်းခံရာ တွေ့ခွင့်ရပြီး ရှင်ဘုရင်ရှေ့တော်ကိုရောက်ရှိသွားပါသည်။ စကားအရာ မလိမ္မာသော သူငယ်ချင်းတစ်ဦးက "ဟေ့ သူငယ်ချင်း မင်းရှင်ဘုရင်ဖြစ်နေပြီဆိုတော့ ဝမ်းသာတယ်ကွာ။ ငါတို့ကိုလည်း နေရာကောင်းကောင်းလေးပေးပါဦးဟ၊ နေရထိုင်ရ ဆင်းရဲလွန်းလို့ပါ။ တို့တစ်တွေ မောင်းထောင်းနေစဉ်တုန်းက မင်းကို ငါအမြဲကူညီခဲ့တယ်လေ မှတ်မိဦးမှာပေါ့"လို့ဆိုပြီး ရွာပြော၊ အရပ်ပြောစကားလုံးများနှင့် မှန်ကန်သော်လည်း ဆင်ခြင်မှုတရားကင်းမဲ့စွာ ဆိုလိုက်သဖြင့် မင်းပြစ်မင်းဒဏ်သင့်ကာ နန်းရင်ပြင်မှ အပြင်ကို နှင်ထုတ်ခံရရှာပါသည်။ ထိုအခြင်းအရာကို မြင်သော ကျန်သူငယ်ချင်းတစ်ယောက်က ပညာဉာဏ်သုံးကာ မှန်လည်းမှန်ကန်ရမည်၊ သာယာနာပျော်ဖွယ်လည်းရှိသည့် "အရှင်မင်းကြီးဘုရား ကျွန်တော်မျိုးသည် အရှင်မင်းကြီး၏ မောင်းထောင်းတိုက်ပွဲဆင်နွှဲစဉ်က ရှေ့တန်းစစ်မျက်နှာမှနေ၍ ဆန်ကောကဲ့သို့ ဒိုင်းကြီးကိုကိုင်ကာ ရွပ်ရွပ်ချွံချွံတိုက်ပွဲဝင်ခဲ့သူ ငယ်ကျွန်ရင်းတစ်ယောက်ဖြစ်ကြောင်းပါဘုရား"လို့ စကားပရိယာယ် ကြွယ်ဝစွာ လိမ္မာချိုသာသောစကားနှင့် လျှောက်ထားသဖြင့် သူကောင်းပြုခံရကြောင်း မှတ်သားခဲ့ဖူးပါသည်။ ထို့ကြောင့် စကားပြောဆိုရာတွင် ချိုသာ၍ လိမ္မာပါးနပ်စွာ ပြောဆိုတတ်ရန်လည်း လွန်စွာမှအရေးကြီးကြောင်း သင်ခန်းစာရရှိပါသည်။

ဆရာကြီးဦးသုခ၏ သုခမှတ်စုစာမျက်နှာ ၁၉၉ တွင် "စကားအရာ အင်္ဂါ ၁၀ပါး"ကို လေ့လာမှတ်သားဖူးပါသည်မှာ (၁) ပြောချိန်ပြောခွင့်သင့်မှ ပြောဆိုခြင်း၊ (၂)ဟုတ်မှန်သောစကားကို ပြောဆိုခြင်း၊ (၃)တရားနှင့်စပ်သည့်စကားကိုသာ ပြောဆိုခြင်း၊ (၄)အကျိုးနှင့်စပ်သည့်စကားကိုသာ ပြောဆိုခြင်း၊ (၅)ချစ်ဖွယ်သောစကားကိုသာ ပြောဆိုခြင်း၊ (၆) ပြုံးရွှင်ခြင်းကို ရှေးဦးပြု၍ ပြောဆိုခြင်း၊ (၇) မပိုမလွန် ချင့်ချိန်၍ ပြောဆိုခြင်း၊ (၈) အဆောတလျင် မပြောဆိုခြင်း၊ (၉) ပြည်ကြီးသူ ပြည်ကြီးသားတို့၏ ဓလေ့ထုံးစံသို့လိုက်၍ ပြောဆိုခြင်း၊ (၁၀) သန့်ရှင်းသေချာ အက္ခရာဌာန်ကရိုဏ်းကျအောင် ပြောဆိုခြင်း စသည့် စကားအရာအင်္ဂါ ၁၀ပါးရှိကြောင်း လေ့လာမှတ်သားဖူးပါသည်။

ထို့ကြောင့်လည်း ဗုဒ္ဓဘုရားရှင်သည် လူတို့၏ နှုတ်မှထွက်သောစကားသည် တန်ဖိုးရှိလှသဖြင့် စကားခြောက်ခွန်းတွင်၊ လေးခွန်းကိုပယ်လျက် တရားသဖြင့် မှန်ကန်စွာ၊ နှစ်လိုဖွယ်ရှိ၍ ပြောဆိုသူ၊ နားထောင်သူ နှစ်ဦးနှစ်ဖက်ကောင်းကျိုး ရရှိစေနိုင်သော စကားနှစ်ခွန်းကိုသာ ပြောဆိုရန် ဟောမြွက်တော်မူပါသည်။ လူတို့၏ ကိုယ်ကျင့်တရားငါးပါးကို ညွှန်းဆိုရာတွင်လည်း မုသာဝါဒဆိုသော ဝစီဒုစရိုက် လေးပါးကို ပြဆိုခဲ့ပါသည်။ သူတစ်ပါးအကျိုး ပျက်ယွင်းစေရန် မဟုတ်မမှန်သောစကား၊ တစ်ဦးနှင့်တစ်ဦး မေတ္တာတရားပျက်ပြားစေမည့် ရန်တိုက်သော စကား၊ သူတစ်ပါးမခံသာအောင် ယုတ်မာညစ်ညမ်းကြမ်းတမ်းသောစကား၊ အကျိုးမရှိ သိမ်ဖျင်းပေ့ါပျက်သောစကား ပြောဆိုခြင်းများကို ရှောင်ရှားရန်နှင့် "သုဘာသိတာစ ယာဝါစာ" ဆိုသည့်အတိုင်း "ကောင်းစွာဆိုအပ်သောစကားကို ပြောဆိုခြင်း"ဖြင့် "မင်္ဂလာတရားတော်" နှင့်ညီညွတ်အောင် ပြောဆိုဆက်ဆံကြရန် မိန့်ကြားတော်မူပါသည်။

အချုပ်ဆိုရသော် စကားပြောဆိုရာတွင် ပြောဆိုမည့်စကားလုံးများကို စဉ်းစားဆင်ခြင်မှုကင်းစွာအလွယ်တကူပြောဆိုခြင်း၊ ဆိုလိုရင်းမရောက်နိုင်အောင် မလိုအပ်ပါဘဲ စကားလုံးဖောင်းပွခြင်း၊ လေးမှလွတ်သော မြား၊ နှုတ်မှထွက်သော စကားတို့သည် ပြန်လည်ရုပ်သိမ်းရန်ခက်ခဲသဖြင့် မိမိလည်းအကျိုးမရှိ၊ သူတစ်ပါးလည်း အကျိုးယုတ်စေသည့်စကားများကို ရှောင်သွေလျက်၊ မှန်ကန်သော စကားများကိုပြောဆိုသော်လည်း ပြောဆိုမည့်စကားလုံးများကို ဂရုပြုသတိထားရွေးချယ်ပြီး လူသားလောက ကောင်းကျိုးရစေမည့်စကား၊ စည်းလုံးညီညွတ်၍ အေးချမ်းသာယာစေမည့်စကားများကိုသာ ချိုသာသောအသံဖြင့် ပြောဆိုသင့်ကြောင်း၊ အကယ်၍ စကားပြောဆိုရာတွင် ကောင်းမွန်သင့်မြတ်သည့် စကားတို့ ပြောဆိုစရာ ရှာမတွေ့ပါလျှင်၊ ပြောဆိုရန်အခွင့်မသာပါလျှင် စကားမပြောဘဲနေခြင်းက ပိုမိုသင့်တော်ကြောင်း သွန်သင်ဆုံးမကြသည့် မြတ်ဗုဒ္ဓဘုရားရှင်နှင့်ဆရာသခင်တို့၏ ကျေးဇူးတရားကို ဤဆောင်းပါးဖြင့် ဦးထိပ်ပန်ဆင် ဂါရဝတင်လျက် နောင်လာမျိုးဆက်သစ်လူငယ်များနှင့် ကျွန်တော်၏ချစ်စွာသောမိတ်ဆွေများကို စကားအရာပြောဆိုရာတွင် ဟုတ်မှန်သောစကားကို လိမ္မာပါးနပ်စွာ ပြောဆိုကြရင်း ကမ္ဘာ့လူသားများ၏ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်ကြစေရန် ဆိုစကားရယ် ချိုသာစွာရယ်ဆိုသောဆောင်းပါးဖြင့် မျှဝေလိုက်ရပါသည်။

## စာအုပ်စင်ကဏ္ဍ

| | |
|---|---|
| စာအုပ်အမည် | - ကကွက်မျိုးစုံ ကဗျာစုစည်းမှု |
| စာရေးသူ | - ကောင်းတေးသီ(အမရပူရ) |
| ထုတ်ဝေသည့်စာပေတိုက် | - English for Student စာပေ |
| စာမျက်နှာ | - ၆၅ မျက်နှာ |
| တန်ဖိုး | - ၅၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - ဟန်ဝင်းအောင်(အမရပူရ) |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ |




ဆရာဂျီဇော်၏ အမှာစာ၊ ဆရာ ပြည့်ဖြိုးသီ၏ အမှာစာ မဟုတ်တဲ့ မေတ္တာစာ၊ စာဆိုရှင်၏ စာမွန်ဦးတို့နှင့်အတူ ကဗျာ ၆၅ ပုဒ် စုစည်းထားသည်။စာရေးသူ၏ ဒုတိယမြောက် ကဗျာစုစည်းမှုဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် 'နှစ်သစ်ဆီ၊ မွေးရန့် ကမ္ဘာတည်စေ' ကဗျာစာအုပ်ထွက်ရှိခဲ့၏ အကြောင်းအရာမျိုးစုံရေးဖွဲ့ထားသည့် ကဗျာများဖြစ်သည်။

ပုံရိပ်

ရှင်မြူးမျိုသိပ်၊ တရိပ်ရိပ်
မေးမိတ်နိုဝင်၊ စိတ်အစဉ်
ဘဝင်အေးချမ်း၊ ရင်နှင့်ပန်း
လွမ်းရိပ်ဝေဆင်၊ သူ့အသွင်။

(စာမျက်နှာ-၅၈)

ရောင်စဉ်စာပေ(မန္တလေး)မှ ဖြန့်ချိပြီး မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။


## ဖော်ညွှန်းသီ

| | |
|---|---|
| စာအုပ်အမည် | - ဇေယျာစာပေဘဏ်တိုက်မဂ္ဂဇင်း |
| စာရေးသူ | - ကလောင်စုံ |
| ထုတ်ဝေသည့်စာပေတိုက် | - စစ်ကိုင်းတိုင်းဒေသကြီး စာကြည့်တိုက်များဖောင်ဒေးရှင်း |
| စာမျက်နှာ | - ၁၆၀ မျက်နှာ |
| တန်ဖိုး | - ၁၀၀၀၀ ကျပ် |
| မျက်နှာဖုံးဒီဇိုင်း | - ကိုတူး(ရွှေရတီ) |
| ထုတ်ဝေသည့်ကာလ | - ၂၀၂၆ ခုနှစ်၊ ဧပြီလ |

အမှတ်စဉ်(၁)မှ ပုံမှန်ထွက်ရှိလျက်ရှိရာ အမှတ်စဉ်(၇)အဖြစ် ထွက်ရှိလာသည်။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ် စာရေးဆရာအသင်း၏ ကလောင်စုံဖော်ပြပါရှိသည်။

အဖွင့်ကဗျာ၊ ရသကဗျာ၊ ဆောင်းပါး၊ ဘာသာပြန်၊ ရသအက်ဆေး၊ ဝတ္ထုတိုတို့ကို ဖတ်ရှုရမည်ဖြစ်သည်။ ပန်းချီညီသိန်း၊ ခင်မောင်ညို၊ အောင်ဗလတို့၏ လက်ရာများဖြင့် အလှဆင်ခြယ်မှုန်းထားသည်။

လစဉ်ထုတ်မဂ္ဂဇင်းများ ရှားပါးနေချိန်တွင် ထွက်ရှိလာသော မဂ္ဂဇင်းဖြစ်၍ စာရေးဆရာများ၊ ကဗျာဆရာများအတွက် စာပေအားဆေးတစ်ခွက်ပင်ဖြစ်သည်။ စာမူများပေးပို့လိုပါက ဇေယျာစာပေဘဏ်တိုက်မဂ္ဂဇင်း၊အမှတ်(၂၁/၂၀၀၈)၊ နေသုခလမ်း၊ ရန်ကင်းရပ်ကွက်၊ မုံရွာမြို့နယ်သို့ ပေးပို့နိုင်ကြောင်း သိရသည်။ မန္တလေးစာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူအားပေးဖတ်ရှုနိုင်သည်။




ဖတ်စရာ၊ မှတ်စရာ
စုံလင်
မန္တလေး

## အေးမြပါစေ သင်္ကြန်ရေ

\- - - - - - - - - - - - - -

* တူးပို့ တူးပို့
မြူးစို့သင်္ကြန်
ဂိမှာန်နွေဦး
အလှထူးကဲ
မြဖူးပိတောက်
ရွှေရည်သောက်လျှင်
တောင်ခွင်တောတန်း
သဇင်ပန်းနှင့်
နန်းအလှချယ်ရီ
ဇလပ်နီနှင့်
ဖားစည်တီးကာ
သံသာမိကျောင်း
ပုံမောင်းအိုးစည်
ပြည်မ တောင်တန်း
အတာရေဖျန်း
လန်းကြပါစေ
ကျန်းမာကြစေ
ချမ်းသာကြစေ
မေတ္တာမျှဝေ
ဘေးမသန်း
အေးချမ်းကြပါစေ ။ ။

ခင်မျိုးမြင့်ရွှေ(စိတ်ပညာ)

## မိတ္ထီလာတက္ကသိုလ်၌ မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်

**မိတ္ထီလာ ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့ မိတ္ထီလာတက္ကသိုလ်၌ မူလတန်းပြဆရာ၊ ဆရာမများအတွက် အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းဖွင့်ပွဲကို ယနေ့နံနက် ၈ နာရီခွဲက အဆိုပါတက္ကသိုလ် ဝန်ဇင်းခန်းမတွင် ကျင်းပသည်။

အဆိုပါသင်တန်းဖွင့်ပွဲတွင် မိတ္ထီလာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာဘဟန်က အဖွင့်အမှာစကားပြောကြားပြီး မိတ္ထီလာခရိုင် ပညာရေးမှူး ဒေါ်မော်မော်က သင်တန်းနှင့် သက်ဆိုင်သော လိုက်နာရန် စည်းကမ်းချက်များအကြောင်း ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ဧပြီ ၂၀ ရက်မှ ၂၂ ရက်အထိ မိတ္ထီလာတက္ကသိုလ်တွင် ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းသို့ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ မူလတန်းပြဆရာ၊ ဆရာမ သင်တန်းသူ၊ သင်တန်းသား ၁၅၀ ဦး တက်ရောက်ကြောင်း သိရသည်။ **(အောက်ပုံ)**

(၄၅၃)



ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်၊ စာပေ
လေ့လာစို့။



## မန္တလေးတိုင်းဒေသကြီးအဆင့် မူလတန်းပြဆရာ၊ ဆရာမများ အင်္ဂလိပ်စာအရည်အသွေးမြှင့် သင်တန်းဖွင့်ပွဲ ကျင်းပ

**မန္တလေး ဧပြီ ၂၀**

ပညာရေးဝန်ကြီးဌာန၊အခြေခံပညာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံးမှ ကြီးမှူး၍ မူလတန်းပြဆရာ၊ ဆရာမများအား အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း Main Course ဖွင့်ပွဲကို ချမ်းအေးသာစံမြို့နယ်၊ လေ့ကျင့်ရေး(အ.လ.က)ကျောင်း၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မန္တလေးတိုင်းဒေသကြီးပညာရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မဟာအောင်မြေခရိုင်ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားရွှေက အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များနှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီး ပညာရေးမှူး၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ တိုင်းဒေသကြီးပညာရေးမှူးရုံးမှ တာဝန်ရှိသူများ၊ မဟာအောင်မြေခရိုင် ပညာရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထားထားရွှေ၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ သင်တန်းနည်းပြ ဆရာများ၊ သင်တန်းသားဆရာ၊ ဆရာမများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အင်္ဂလိပ်စာအရည်အသွေးမြှင့်သင်တန်းကို ဧပြီ ၂၀ ရက်မှ မေ ၂၂ ရက်အထိ နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ သင်တန်းနည်းပြဆရာ၊ ဆရာမခုနစ်ဦးက သင်ကြားပို့ချသွားမည်ဖြစ်ပြီး မူလတန်းပြသင်တန်းသား ဆရာ၊ ဆရာမ ၁၅၀ ဦးတက်ရောက် သင်ကြားသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။ **(အောက်ပုံ)**

**ချမ်းမြေ့မောင်(ချမ်းစံ၊ပြန်ဆက်)**



# စစ်ကိုင်းတိုင်းဒေသကြီး ဟွေတိုက်ရွာ ဗောဓိစေတီအတွက် မ,တည်ငွေများ လှူဒါန်း



**မန္တလေး ဧပြီ ၂၀**

မန္တလေး၊ တောင်စလင်း တိုက်သစ်ဘာဝနာဋ္ဌာန ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိက္ခ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးဆောင်သည့် နယ်စပ်တောင်တန်းနှင့် ကမ်းရိုးတန်းဒေသဆရာတော် ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေး အသင်းချုပ်ရုံး (မန္တလေး)သို့ မန္တလေးမြို့ ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းရုံး ဒုဥက္ကဋ္ဌ ဆရာမကြီး ဒေါ်ခင်မြနှင့် ဒေါ်စီစီတို့က စစ်ကိုင်းတိုင်းဒေသကြီး၊ လဟယ်မြို့နယ်၊ ဟွေတိုက်ရွာ ဗောဓိစေတီအတွက် မ,တည်ငွေအဖြစ် အလှူရှင်အသီးသီးတို့က စုပေါင်းလှူဒါန်းကြသည့် အလှူငွေကျပ်သိန်းငါးဆယ်ကို ဧပြီ ၁၂ ရက် နံနက် ၁၀ နာရီက ဆရာတော် ဘဒ္ဒန္တသက္ကာစာရကိုယ်တော်တိုင်ကြွရောက်လာပြီး အလှူခံပုဂ္ဂိုလ်၏ကိုယ်စား ဗုဒ္ဓဘာသာ သာသနာပြန့်ပွားရေးအသင်းချုပ်(ရုံး)မန္တလေးဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြား၍ ဂုဏ်ပြုမှတ်တမ်းလွှာအား သက်ဆိုင်ရာအလှူရှင်များထံသို့ ပေးအပ်ကြသည်။

အဆိုပါ စေတီအတွက် လှူဒါန်းလိုပါက ဖုန်း ၀၉-၉၇၅၇၆၄၃၂၃ နှင့် ၀၉-၄၀၂၆ ၉၂၅၂၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ဝဲပုံ)

(၀၄၉)



မန္တလေး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီး ကန်ပတ်လမ်းရှိ စီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ယမန်နေ့က အလှူရှင် မန္တလေး၊ လမ်း၆၀(စီ)လမ်း၊ ၁၂၀လမ်းနှင့် ၁၂၁လမ်းကြားနေ ဦးပေါက်+ဒေါ်ဝင်းစိန်၊ ဦးစန်းမြင့်ငွေ+ဒေါ်သွဲ့သွဲ့ဝင်း၊ (သား) မောင်အောင်ကောင်းမြတ် မိသားစုက ဆွမ်းအလှူငွေကျပ် ၅၅၀၀၀၀ ကို လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူးဦးဝဏ္ဏနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူကြစဉ်။

(ကဆ)



# ဘာဝနာကျောင်းတိုက် ပင်မနှစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေ လှူဒါန်း

**သရက် ဧပြီ ၂၀**

မကွေးတိုင်းဒေသကြီး၊ သရက်မြို့၊ ထုံးတောင်ကျေးရွာအုပ်စု ဘာဝနာကျောင်းတိုက်အတွင်း ဆင်ယင်ကျင်းပအပ်သည့် ဘာဝနာကျောင်းတိုက် ပင်မနှစ်ထပ်ကျောင်းဆောင် ပြန်လည်ပြုပြင်မွမ်းမံရန် အလှူငွေဆက်ကပ် လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက ထုံးတောင်ကျေးရွာအုပ်စု ဘာဝနာဘုန်းတော်ကြီးကျောင်းတွင် ကျင်းပသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ခဲ့ပြီး ဘာဝနာကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကေသဝထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သရက်တပ်နယ်မှူး ဗိုလ်မှူးကြီး ညီညီသွင်က အလှူငွေကျပ် ၁၀ သိန်း၊ သရက်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမြတ်ထွန်းဦးနှင့်အဖွဲ့ဝင်များက အလှူငွေကျပ် ၃၁ သိန်းနှင့် အလှူရှင် သုံးဦးက စုပေါင်းလှူဒါန်းငွေကျပ် ၁၅ သိန်း စုစုပေါင်းငွေကျပ် ၅၆ သိန်းကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြပြီး "ဗုဒ္ဓသာသနံစိရံတိဋ္ဌတု" သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

**ဇော်ထက်(သရက်)**

၀-၀-၀-၀-၀-၀-၀

# စတုဒိသာကျွေးမွေးလှူဒါန်း

**မန္တလေး ဧပြီ ၂၀**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အောင်မြေသာစံရပ်ကွက်၊ ရွှေပြည်တိုက်၊ ရွှေပြည်ပုလဲမြင့်ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းတွင် ဧပြီ ၁၉ ရက် နံနက်ပိုင်းက နှစ်ဦးဆွမ်းကပ်အလှူမင်္ဂလာနှင့် လူဦးရေ ၃၀၀ ကျော်အား စတုဒိသာကျွေးမွေးလှူဒါန်းပွဲကို ကျင်းပရာ ရွှေပြည်ပုလဲမြင့်ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်း ကျောင်းအုပ်ဆရာတော် ဘဒ္ဒန္တနန္ဒသာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်တော်မူကြပြီး အလှူရှင် ဦးဝင်းနိုင်၊ ဒေါ်တင်တင်လှိုင်၊ (သား)မောင်အောင်ခန့်ပိုင်၊ မောင်ဟိန်းထက် (SWEET FAMILY အိမ်ခြံမြေအကျိုးဆောင်ကုမ္ပဏီ) ပြင်ဦးလွင်မြို့နှင့် ဆွေမျိုးသားချင်းများ၊ ပုလဲမြင့်ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသူများ၊ ဝေယျာဝစ္စဆောင်ရွက်သူများ တက်ရောက်ကြည်ညိုကြသည်။

(ယာပုံ)

အခမ်းအနားတွင် ကျောင်းအုပ်ဆရာတော်ဘဒ္ဒန္တနန္ဒသာရထံမှ ပရိသတ်များက သီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များအား နဝကမ္မဝတ္ထုငွေ၊ သင်္ကန်းနှင့် လှူဖွယ်များ၊ ဆွမ်းဆက်ကပ်လှူဒါန်းခြင်းများ ဆောင်ရွက်ကြသည်။

ထို့နောက် တက်ရောက်လာသူအပေါင်းအား နံနက်စာထမင်း၊ ဟင်းလျာ၊ အချိုပွဲများဖြင့် တည်ခင်းဧည့်ခံခြင်း၊ ရပ်ကွက်နှင့် ထိစပ်ဝန်းကျင်များမှ လူဦးရေ ၃၀၀ ကျော်အား ထမင်း၊ ဟင်းများ စတုဒိသာ ကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ (၀၇၀)





# ငှက်ပျောတောဘုန်းတော်ကြီးကျောင်း သောက်ရေကန်အား သန့်ရှင်းရေးဆောင်ရွက်

**ပင်းတယ ဧပြီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ပင်းတယမြို့ ငှက်ပျောတောရပ်ကွက် ဘုန်းတော်ကြီးကျောင်းတော်အနောက်မြောက်တောင်ခြေရှိ ရေးနှစ်ပေါင်းများစွာက တည်ရှိနေသော သောက်ရေကန်(ဒေသအခေါ် ကျောင်းကန်)ပတ်ဝန်းကျင် သန့်ရှင်းသာယာစေရေးအတွက် ဧပြီ ၁၈ ရက် နံနက် ၉ နာရီက ရပ်ကွက်နေ ပြည်သူများစုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြသည်။

အဆိုပါ ရှေးဟောင်းသောက်ရေကန်အတွင်းသို့ နှစ်စဉ်မိုးရာသီကာလ မိုးရွာသွန်းမှုမှ စီးဆင်းလာသည့် မိုးရေများအား စုဆောင်း၍ ကျောင်းသောက်ရေကန်အဖြစ်ထားရှိရာမှ နှစ်စဉ်မိရိုးဖလာ ဘိုးဘွားမိဘများက သောက်ရေကန် သန့်ရှင်းသာယာလှပစေရေး ရွှံ့နုံ့နှင့် အမှိုက်သရိုက်များ သယ်ယူရှင်းလင်းပေးခြင်း၊ ကန်ပတ်လည်ရှိ သစ်ပင်သစ်ကိုင်းသစ်ခက်များ ခုတ်ထွင်ရှင်းလင်းပေးခြင်းနှင့် သစ်ရွက်သစ်ခက်များ မီးရှို့သိမ်းဆည်းပေးခြင်းအစရှိသော လုပ်ငန်းများကို ရပ်ကွက်နေ ပြည်သူများက သန့်ရှင်းရေးဆောင်ရွက်ကြရာ အလှူရှင်များက SHARP အားဖြည့်အချိုရ များနှင့် ပင်မှည့်အအေးဘူးများကို ကုသိုလ်ပြုတိုက်ကျွေးကြကြောင်း သိရသည်။

(အပေါ်ဝဲပုံ) (၀၃၈)

မျက်စိလျှကြ မျက်ကြည်ရ မြတ်သည့်လှူဒါန။

# သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ဆီဆိုင် ဧပြီ ၂၀**

ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ် စီမံအုပ်ချုပ်ခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့မှ ကြီးမှူးကျင်းပသော ၁၃၈၈ ခုနှစ်၊ နှစ်ဆန်းတစ်ရက်နေ့တွင် မြန်မာ့ယဉ်ကျေးမှုထုံးတမ်းစဉ်လာဖြင့် သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲကို ဆီဆိုင်မြို့၊ မြကန်သာရပ်ကွက်ရှိ ဇဝနာရာမစာသင်ကျောင်းတိုက်၌ ကျင်းပသည်။



ရှေးဦးစွာ နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး တက်ရောက်လာသည့် မြို့ပေါ်ရပ်ကွက်ရှိ သက်ကြီးဘိုးဘွားများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များတို့က ရှိခိုးကန်တော့ခဲ့ကြပြီး အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ သက်ကြီးဘိုးဘွားများကိုယ်စား အဘိုးတစ်ဦးက ဆုတောင်းမေတ္တာပို့သခဲ့သည်။

အဆိုပါ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲတွင် မြို့ပေါ်ရပ်ကွက်ရှိ သက်ကြီးဘိုးဘွား ၁၀၅ ဦးတို့ကို တစ်ဦးလျှင် အလှူငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် တာဝန်ရှိသူများက လက်ဝယ်အရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။

(ဝဲပုံ) (၃၆၈)

# အတာရေဖျန်း နှစ်သစ်ကြိုဆို ပေါက်ဖော်ခရီး အသစ်စတင်

ပိတောက်ပန်းများပွင့်သည့်အချိန် ကျွန်မတို့သည် မြန်မာနှစ်သစ် အတာသကြ်န်ပွဲတော်ကို ကြိုဆိုရောက်ရှိလာပါသည်။ လွန်ခဲ့သည့်တစ်နှစ်တာကို ပြန်ကြည့်လျှင် မြန်မာပြည်သူများသည် ရာစုနှစ်တစ်ခုအတွင်း တစ်ကြိမ်သာ ကြုံတွေ့ရသော ပြင်းထန် ငလျင်ကြီးဒဏ်ကို ခံစားခဲ့ရပြီး ပြန်လည်ထူထောင်ရင်း ဘဝအသစ်ကိုခိုင်မာစွာရပ်တည်လာနိုင်ကာ တစ်ချိန်တည်းမှာပင် နိုင်ငံတော်အစိုးရသစ်သည် အုပ်ချုပ်ရေးကို အပြည့်အဝ စတင် ဆောင်ရွက်လာပါသည်။ 'အသစ်' နှစ်ခုပေါင်းစပ်လာခြင်းသည် မြန်မာနိုင်ငံအတွက် အလွန်နက်နဲသော အဓိပ္ပာယ်ကို ဆောင်ပါသည်။

၂၀၂၆ ခုနှစ် အတာသကြ်န်ပွဲတော်သည် ယခင်ကကဲ့သို့ စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပလာနိုင်ပါသည်။ ပိတောက်ပန်းများဝေဝေဆာဆာပွင့်လန်းခြင်းနှင့် ပြည်သူများ၏ ရွှင်လန်းသောအပြုံးများမှ ငြိမ်းချမ်းရေးသည် မည်မျှတန်ဖိုးရှိပြီး လှပနေသည်ကို ကျွန်မတို့တွေ့မြင်ရပါသည်။ မြန်မာပြည်သူများ အစိုးရသစ်လက်ထက်တွင် ပြည်တွင်းငြိမ်းချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ လူမှုအသိုင်းအဝိုင်း သဟဇာတဖြစ်ရေးနှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်ရေးဟူသော ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်များ အကောင်အထည်ပေါ်လာစေရန် ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

၂၀၂၆ ခုနှစ်သည် တရုတ်နိုင်ငံ၏ '(၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်း'၏ အစပြုသည့်နှစ်လည်းဖြစ်ပါသည်။ '(၁၅)ကြိမ်မြောက် ငါးနှစ်စီမံကိန်း' မူဘောင်တွင် ဖွံ့ဖြိုးမှုဦးတည်ချက် ၂၀ ချက် ထုတ်ပြန်ခဲ့ပြီး အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်မှုကို တွန်းအားပေးခြင်း၊ ပြည်တွင်းပင်မလည်ပတ်မှုစနစ်အားကောင်းစေခြင်း၊ ပြည်သူအားလုံး သာယာဝပြောရေးကို မြှင့်တင်ဆောင်ရွက်ခြင်းစသည့် မဟာဗျူဟာမြောက် အဓိကတာဝန်များကို သတ်မှတ်ပေးခဲ့ပါသည်။ အရည်အသွေးသစ်ကုန်ထုတ်စွမ်းအားကို ဦးဆောင်ခြင်းစသည့် ကဏ္ဍများပါဝင်သော အဓိကစီမံကိန်းကြီး ၁၀၉ခုကို ထုတ်ပြန်ခဲ့ပြီး တရုတ်အသွင်ပုံစံခေတ်မီရေးအတွက် ကြည်လင်ပြတ်သားသော ရည်မှန်းချက်ကို ရေးဆွဲပေးသကဲ့သို့၊ အိမ်နီးချင်းနိုင်ငံများ အပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ အခွင့်အလမ်းများ မျှဝေသုံးစွဲရန်၊ ကမ္ဘာလုံးဆိုင်ရာ အပြန်အလှန်အကျိုးပြုရေးအတွက် ရိုးသားစွာ ဖိတ်ခေါ်ချက်ကိုလည်း ပြုလုပ်လိုက်ပါသည်။

ယခုအခါ ကမ္ဘာကြီးသည် ရာစုနှစ်တစ်ခုအတွင်း မကြုံစဖူးသော အကြီးစားပြောင်းလဲမှုကို ရင်ဆိုင်နေရပြီး ပထဝီနိုင်ငံရေး ပဋိပက္ခများ ပြင်းထန်လာကာ၊ မငြိမ်မသက်မှုများ၊ မသေချာမှုများ ကမ္ဘာတစ်လွှားသို့ ပျံ့နှံ့လျက်ရှိပါသည်။ ကမ္ဘာ့စီးပွားရေး ဒုတိယအကြီးဆုံးနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသည် မိမိနိုင်ငံ၏ ကိုယ်ပိုင်ကိစ္စများကို အာရုံစိုက် ကောင်းမွန်စွာ ဆောင်ရွက်ကာ မတည်မငြိမ်ဖြစ်နေသော ကမ္ဘာ့အခြေအနေအတွင်း အကောင်းဆုံး တည်ငြိမ်မှုရှိအောင် ထည့်ဝင်ဆောင်ရွက်ပေးလျက်ရှိပြီး 'တရုတ်ကို အားကိုးအားထားမှု' ဟူသည်မှာ တစ်ကမ္ဘာလုံးတွင် တဖြည်းဖြည်း အများသဘောတူညီလက်ခံလာပါသည်။

ရေမြေတောတောင်များ ဆက်စပ်နေသော ချစ်ကြည်ရင်းနှီးသည့် အိမ်နီးချင်းနိုင်ငံအနေဖြင့် တရုတ်-မြန်မာနှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးမေတ္တာသည် အေးအတူပူအမျှ ဖြတ်သန်းခဲ့ရသော်လည်း ပိုမိုခိုင်မြဲလာကာ နှစ်နိုင်ငံပြည်သူများ အတူလက်တွဲကြကာ အေးအတူပူအမျှ အသိုက်အဝန်းထူထောင်၍ ချစ်ကြည်ရေးအခန်းကြီးကို ရေးသားခဲ့ပါသည်။ တရုတ်နှင့် မြန်မာနှစ်နိုင်ငံသည် နှစ်ဦးနှစ်ဖက်၏ အဓိက ကိစ္စရပ်များတွင် အချင်းချင်းလေးစားမှု၊ ထောက်ခံမှုအမြဲရှိခဲ့ပြီး၊ လက်တွေ့ကျသော ပူးပေါင်းဆောင်ရွက်ရေး နယ်ပယ်များတွင် ရလဒ်ကောင်းများ ပေါများစွာ ရရှိခဲ့ပါသည်။

'BRI' စီမံကိန်းအောက်တွင် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံ တည်ဆောက်ရေးသည် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ အဓိကကျသော လုပ်ငန်းစဉ်ဖြစ်လာပါသည်။ ကျောက်ဖြူရေနက်ဆိပ်ကမ်း၊ တရုတ်-မြန်မာရေနံနှင့် သဘာဝဓာတ်ငွေ့ ပိုက်လိုင်းစသည့် အထင်ကရ စီမံကိန်းများ တည်ငြိမ်စွာ တိုးတက်လျက်ရှိပြီး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သည့် ရွှေလီမြစ်၊ တာပိန်မြစ်၊ ချီဖွေငယ် စသည့် ရေအားလျှပ်စစ်စီမံကိန်းများသည် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်ဓာတ်အား အဆက်မပြတ် ထောက်ပံ့ပေးလျက်ရှိပါသည်။ တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ အကြီးဆုံး ကုန်သွယ်ဖက်၊ ဒုတိယအကြီးဆုံး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အရင်းအမြစ်နိုင်ငံလည်းဖြစ်ပြီး လျှပ်စစ်ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ၊ နေ့စဉ်သုံးကုန်ပစ္စည်းများ တရုတ်နိုင်ငံမှ မြန်မာနိုင်ငံသို့ တင်ပို့မှု တည်ငြိမ်စွာတိုးတက်လာပြီး အရည်အသွေးကောင်း စိုက်ပျိုးရေးထွက်ကုန်များ၊ စွမ်းအင်အရင်းအမြစ်များ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ သွင်းကုန်ပမာဏမှာလည်း စဉ်ဆက်မပြတ် တိုးချဲ့လျက်ရှိပါသည်။

တစ်ချိန်တည်းမှာပင် တရုတ်-မြန်မာတို့သည် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်တွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေအထူးစီမံကိန်း၏ ပံ့ပိုးမှုဖြင့် စီမံကိန်း ၁၃၂ ခုကို အကောင်အထည်ဖော်ခဲ့ပြီး စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေး၊ ဂေဟစနစ်နှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး၊ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်ရေး၊ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်း၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု စသည့် နယ်ပယ်အသီးသီးကို လွှမ်းခြုံထားပြီး မြန်မာနိုင်ငံတွင် လန်ချန်း-မဲခေါင် ပူးပေါင်းဆောင်ရွက်မှု၏ ရှင်သန်ထွန်းကားသော စွမ်းအားကို ထင်ရှားစွာ ပြသလျက်ရှိပါသည်။

ထို့အပြင် နှစ်နိုင်ငံရဲတပ်ဖွဲ့များ အတူတကွစွာ ပူးပေါင်းဆောင်ရွက်မှုဖြင့် နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများကို ပစ်မှတ်ထားနှိမ်နင်းရေး စစ်ဆင်ရေးများတွင် သတင်းကောင်းများ ဆက်တိုက်ထွက်ပေါ်နေပါသည်။ လူသားချင်းစာနာထောက်ထားမှု၊ ယဉ်ကျေးမှု၊ ပညာရေးဖလှယ်မှု ပူးပေါင်းဆောင်ရွက်ရေး စီမံကိန်းများသည် ပန်းများသဖွယ် စုံလင်လှပကာ 'Chinese Bridge' ဘာသာစကားပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ တရုတ်စာနေ့၊ ယဉ်ကျေးမှုဖလှယ်ရေးဖိုရမ် စသည့် လှုပ်ရှားမှုများမှာ အလွန်စည်ကားသိုက်မြိုက်လှပါသည်။ ငလျင်ကြီးဘေးဒဏ် ကျရောက်ချိန်တွင် တရုတ်အစိုးရက ကယ်ဆယ်ရေးအဖွဲ့များကို မြန်မာနိုင်ငံသို့ အဦးဆုံးစေလွှတ်၍ ငလျင်ဒဏ်သင့်ဒေသများအား ကယ်ဆယ်ရေးဆောင်ရွက်ခဲ့ပြီး လူမှုအသိုင်းအဝိုင်းအသီးသီးမှ ငွေကြေး၊ ပစ္စည်းများလှူဒါန်းခဲ့ကာ နှစ်နိုင်ငံပြည်သူများ အချင်းချင်း စောင့်ရှောက်ကူညီသော နက်ရှိုင်းသည့် ခင်မင်ရင်းနှီးမှုကို ထင်ရှားစေပါသည်။

မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၏ အဓိကတာဝန်ယူရသော ပြည်နယ်နှင့် တိုင်းဒေသကြီးများသည် တရုတ်နိုင်ငံနှင့်ဆက်ဆံရေးသမိုင်းကြောင်း ရှည်လျားပြီး၊ ဆက်သွယ်မှုမှာ ခိုင်မြဲကာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု၏ ရှေ့တန်းမှ အမြဲရှိနေခဲ့ပါသည်။ မကြာသေးမီနှစ်များအတွင်း တရုတ်ဘက်မှ မန္တလေးတိုင်းဒေသကြီးသို့ နေရောင်ခြည်စွမ်းအင်သုံး လမ်းမီးစနစ်များ လှူဒါန်းခြင်း၊ မဟာမုနိဘုရားကြီးအား နေရောင်ခြည်စွမ်းအင်သုံး အလင်းရောင်စနစ် လှူဒါန်းဆောက်လုပ်ပေးခြင်း၊ ကုသိုလ်တော်ဘုရား စေတီတော်ရှိ ကျောက်စာတိုင်များ ၂၀၇ တိုင်ကို ပြုပြင်လှူဒါန်းပေးခြင်း၊ မန္တလေးပြည်သူ့ဆေးရုံနှင့် ဇီဝိတဒါန သံဃာ့ဆေးရုံတို့အား ပြုပြင်ပေးခြင်း စသည့် 'သေးငယ်သော်လည်း လှပသော' ပြည်သူ့အကျိုးပြုစီမံကိန်းများ အကောင်အထည်ဖော်နိုင်ခဲ့ပြီး ဒေသခံပြည်သူများအတွက် အကျိုးဖြစ်ထွန်းစေခဲ့ပါသည်။ စီးပွားရေး၊ ကုန်သွယ်ရေး၊ ဘာသာရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ နည်းပညာ စသည့် နယ်ပယ်များတွင် နှစ်ဖက်ပူးပေါင်းဆောင်ရွက်မှု ရလဒ်များသည် မြန်မာနိုင်ငံ အထက်ပိုင်းဒေသများအထိ ပျံ့နှံ့ရောက်ရှိနေပါသည်။ တရုတ်စာကို သင်ယူခြင်း၊ တရုတ်နိုင်ငံကို လေ့လာနားလည်လာခြင်းသည် အထက်မြန်မာနိုင်ငံဒေသများရှိ ပြည်သူများကြားတွင် မကြာခဏ ဆွေးနွေးလေ့ရှိသော အကြောင်းအရာ ဖြစ်လာကာ အထက်မြန်မာနိုင်ငံဒေသများ၏ တရုတ်နိုင်ငံအပေါ်ထားရှိသည့် ခိုင်မာသောချစ်ကြည်ရင်းနှီးမှုဆိုင်ရာ အခြေခံကျသည့် ပြည်သူလူထုဆန္ဒကို အပြည့်အဝ ဖော်ပြလျက်ရှိပါသည်။

**တရုတ်-မြန်မာ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းသစ်များနှင့် ရင်ဆိုင်နေရချိန်တွင် နှစ်သစ်အတာသကြ်န်ရေသည် နှစ်ဟောင်းအညစ်အကြေးများကို ဆေးကြောဖယ်ရှားပေးမည်ဖြစ်ပြီး ပိတောက်ပန်းများသည် ကျွန်မတို့နှင့်အတူတကွ ရှေ့သို့ချီတက်မည့် လမ်းကို ခင်းပေးလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးသည် အဓိကတာဝန်ယူရသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အစိုးရများနှင့် တရုတ်-မြန်မာချစ်ကြည်ရေး ဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ပါဝင်စားပြီး ထောက်ခံအားပေးသော လူထုအလွှာလွှာမှ ပုဂ္ဂိုလ်များအားလုံးနှင့်အတူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်၍ နက်ရှိုင်းစွာ အကောင်အထည်ဖော်သွားကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် အခန်းကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်သွားရန် ဆန္ဒရှိပါသည်။**

ယခုအခါ ခေတ်သစ်သမိုင်းစာမျက်နှာတွင် တရုတ်-မြန်မာ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှုအတွက် ဖွံ့ဖြိုးတိုးတက်ရေး အခွင့်အလမ်းသစ်များနှင့် ရင်ဆိုင်နေရချိန်တွင် နှစ်သစ်အတာသကြ်န်ရေသည် နှစ်ဟောင်းအညစ်အကြေးများကို ဆေးကြောဖယ်ရှားပေးမည်ဖြစ်ပြီး ပိတောက်ပန်းများသည် ကျွန်မတို့နှင့်အတူတကွ ရှေ့သို့ချီတက်မည့် လမ်းကို ခင်းပေးလိမ့်မည်ဟု အပြည့်အဝ ယုံကြည်ပါသည်။ မန္တလေးမြို့အခြေစိုက် တရုတ်နိုင်ငံကောင်စစ်ဝန်ချုပ်ရုံးသည် အဓိကတာဝန်ယူရသော ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ အစိုးရများနှင့် တရုတ်-မြန်မာ ချစ်ကြည်ရေး ဖွံ့ဖြိုးတိုးတက်ရေးကို စိတ်ပါဝင်စားပြီး ထောက်ခံအားပေးသော လူထုအလွှာလွှာမှ ပုဂ္ဂိုလ်များအားလုံးနှင့်အတူ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက်၍ နက်ရှိုင်းစွာ အကောင်အထည်ဖော်သွားကာ တရုတ်-မြန်မာ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရေးအတွက် အခန်းကဏ္ဍသစ်တစ်ရပ် ဖွင့်လှစ်သွားရန် ဆန္ဒရှိပါသည်။

**မန္တလေးမြို့ အခြေစိုက်**
**တရုတ်ပြည်သူ့သမ္မတနိုင်ငံ**
**ကောင်စစ်ဝန်ချုပ်** Ms.Gao Ping

# အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းနှင့် အမျှပေးဝေပွဲများ ကျင်းပ

**မတ္တရာ ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၌ မြန်မာသက္ကရာဇ် ၁၃၈၈ ခုနှစ်၊ မြန်မာနှစ်ဆန်း တစ်ရက် ညနေ ၅ နာရီက မြို့အဝင်လမ်းဆုံနှင့် မန္တလေး-မိုးကုတ် ကားလမ်းပိုင်း (၅)နေရာတို့တွင် အန္တရာယ်ကင်းပရိတ်ရွတ်ဖတ်ခြင်းနှင့် အမျှပေးဝေပွဲများ ကျင်းပခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ ခေတ္တမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်အောင်ထွန်းနှင့် ဌာနဆိုင်ရာများသည် အဖွဲ့(၆)ဖွဲ့ခွဲ၍ပြည်သူများနှင့်အတူ မန္တလေး-မိုးကုတ်လမ်းပိုင်းရှိ မတ္တရာမြို့ အဝင်လမ်းဆုံ၊ အယ်လ်ဖာဘိလပ်မြေစက်ရုံလမ်းခွဲ၊ ကျောက်တံတားကျေးရွာလမ်းဆုံ၊ တံငါတောင်ကျေးရွာ၊ တံငါမြောက်ကျေးရွာနှင့် ရေနံ့သာကျေးရွာတို့တွင် တစ်ပြိုင်တည်းအချိန်၌ ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ခဲ့ကြပြီး ဆရာတော်ကြီးများက အန္တရာယ်ကင်းပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ အမျှပေးဝေခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(အောက်ပုံ)**

**စိုးကျော်သူထွေး**





# ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကျင်းပ

**စဉ့်ကိုင် ဧပြီ ၂၀**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲကို ဧပြီ ၁၇ ရက် နံနက် ၉ နာရီက တအုံကျေးရွာအုပ်စု၊ ဆောက်အင်းကျေးရွာရှိ ဒုဋ္ဌဝတီမြစ်ရေတင်ဆိပ်ကမ်းတွင် ကျင်းပခဲ့သည်။

ဇီဝိတဒါန စုပေါင်းငါးလွှတ်ပွဲ ပြုလုပ်ရာတွင် ကျောက်ဆည်ခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဟိန်းအောင်၊ ခရိုင်ငါးလုပ်ငန်းမှ တာဝန်ရှိသူများ၊ စဉ့်ကိုင်မြို့နယ် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဗိုလ်အောင်မောင်မောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက စုပေါင်းပါဝင်၍ ဇီဝိတဒါန ငါးသားပေါက်များ လွှတ်ခဲ့ကြပြီး ရွှေဝါငါးကြင်း ငါးသားပေါက် ၃၀၀၀၀ အား ဒုဋ္ဌဝတီမြစ်အတွင်းသို့ လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

**ကျော်စွာ(စဉ့်ကိုင်)**



# နှစ်ဦးဂါရဝသက်ကြီးပူဇော်ပွဲ ကျင်းပ

**မန္တလေး ဧပြီ ၂၀**

မန္တလေး ကန်တော်ကြီး ဇီဝိတ ဒါနသံဃာ့ဆေးရုံသီလရှင်ကြီးကြပ်ရေးဆပ်ကော်မတီ အလှူရှင်အဖွဲ့၏ နှစ်ဦးဂါရဝ သက်ကြီးပူဇော်ပွဲကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)ညနေ ၄ နာရီက မန္တလေး ကမ်းနားလမ်းရှိ ကြင်တော်ယန်ဘုရားကျောင်းတွင် ကျင်းပသည်။

သက်ကြီးပူဇော်ကန်တော့ရာတွင် သီလရှင်ကြီးကြပ်ရေးဆပ်ကော်မတီအလှူရှင်အဖွဲ့ထံမှ အသက် ၇၅ နှစ်အထက်ကန်တော့ခံ သက်ကြီး ခြောက်ဦးတို့ကို အဖွဲ့ဝင်များက ဂါရဝပြုလက်ဆောင်ပစ္စည်းများ ကန်တော့ငွေများဖြင့် ကန်တော့ခဲ့ကြရာ ကန်တော့ခံများက ဆုတောင်းမေတ္တာများ ပို့သပေးကြသည်။

ကန်တော့ပွဲအပြီးတွင် ဇီဝိတဒါနသံဃာ့ဆေးရုံ နှစ်ပတ်လည်အခမ်းအနားအတွက် ဆွေးနွေးတိုင်ပင်ကြပြီး သားသတ်လွတ်အစားအစာများဖြင့် ဧည့်ခံကြောင်း သိရသည်။ **(အပေါ်ပုံ) (၀၃၂)**

# လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မိုင်းယောင်း ဧပြီ ၂၀**

ပြည်သူ့စစ်မှုထမ်းလုပ်ငန်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၌ ကျင်းပသည်။

ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်က ကျင်းပသည့် အဆိုပါ အစည်းအဝေးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယောင်းခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝေမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသက်ဆွေနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာမှ တာဝန်ရှိသူများက မိုင်းယောင်းမြို့နယ် ဗလမင်းထင်ခန်းမမှ Video Conferencing စနစ်ဖြင့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**(အောက်ပုံ)**

**စိုင်းအောင်ဇော်လင်း**





# အသက်(၇၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ပူဇော်ကန်တော့ပွဲ ကျင်းပ

**ကလော ဧပြီ ၂၀**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကလောခရိုင်၊ ကလောမြို့တွင် ၁၃၈၈ ခုနှစ်၊ နှစ်သစ်ကူးအခါသမယ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွားပူဇော်ကန်တော့ပွဲကို ဧပြီ ၁၈ ရက် နံနက် ၁၀ နာရီက မြို့နယ်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကလောမြို့ပေါ်ရှိ သက်ကြီး ဘိုးဘွားများအား တာဝန်ရှိသူများက ကြိုဆိုခဲ့ကြပြီး အာဟာရမုန့်များဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့နောက် အခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ ကလောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးဦးစိုးမြင့်က သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ပွဲ ကျင်းပခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ပြီး တက်ရောက်လာသူများက ဘိုးဘွားများအား ကန်တော့ကြကာ ထောက်ပံ့ပစ္စည်းနှင့် အလှူငွေများအား ခရိုင်အုပ်ချုပ်ရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ဌာနဆိုင်ရာများနှင့် မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအသင်းအဖွဲ့တို့က ကလောမြို့ပေါ်ရှိ သက်ကြီး ဘိုးဘွား ၁၂၆ ဦးရှိပြီး တက်ရောက်သူဘိုးဘွား ၃၅ ဦးတို့အား အသီးသီးပေးအပ်ခဲ့သည်။

အကြောင်းအမျိုးမျိုးကြောင့် မလာရောက်နိုင်သည့် ဘိုးဘွားများကို သက်ဆိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက အိမ်တိုင်ရာရောက်သွားရောက်ထောက်ပံ့ပေးအပ်သွားမည် ဖြစ်သည်။

ထို့နောက် ဘိုးဘွားများကိုယ်စား အဘိုး ဦးခင်အောင်က ဩဝါဒစကား ပြောကြားကာ ဆုမွန်ကောင်းတောင်းပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမများ မသုံးရ။

# သက်ကြီးအဘိုး၊ အဘွားများအား ပူဇော်ကန်တော့



**ကန့်ဘလူ ဧပြီ ၂၀**

မြန်မာလူမျိုးများသည် မြန်မာနှစ်သစ်ကူးအချိန်ကာလ နှစ်ဆန်းပိုင်းတွင် ပူဇော်ထိုက်သူကို ပူဇော်သည့် မင်္ဂလာတရားတော်နှင့်အညီ အသက်အရွယ်ကြီးသည့် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့သည့်အခမ်းအနားကို နိုင်ငံအနှံ့တွင် ရိုးရာဓလေ့အဖြစ် ကျင်းပဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၇ ရက်နံနက် ၉ နာရီက ကန့်ဘလူမြို့ မဟာရွှေစည်ကြီးစေတီတော် သာသနာ့ဗိမာန်တော်၌ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွားများအား ပူဇော်ကန်တော့ခဲ့ကြသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသည့် ဘိုးဘွားများအား ခရိုင်၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များက လက်သည်း၊ ခြေသည်းများ ညှပ်ပေးခြင်း၊ မုန့်နှင့်လက်ဖက်ရည်တို့ဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

အဆိုပါ သက်ကြီးဘိုးဘွားများ ပူဇော်ကန်တော့ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကိုကိုလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ခိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ဧည့်ပရိသတ်များက ဘိုးဘွားများအား ကန်တော့ချီးဖြင့် ကန်တော့ကြပြီး မြို့ပေါ်ရပ်ကွက်များမှ အဘိုးအဘွား ၅၇ ဦး(တက်ရောက်)တို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီနှင့် အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများကို ပေးအပ်ပူဇော်ကြသည်။

ထို့နောက် အဘိုး၊ အဘွားများကိုယ်စား အမှတ်(၃)ရပ်ကွက်မှ အဘိုးဦးထွန်းဝေက ကျေးဇူးတင်ဆုပေးစကားပြောကြားသည်။

မြို့ပေါ်ရပ်ကွက်( ၅)ခုမှ အခမ်းအနားသို့ မတက်ရောက်နိုင်သော အဘိုးအဘွား ၈၃ ဦးတို့အား သက်ဆိုင်ရာရပ်ကွက်အုပ်ချုပ်ရေးမှူးများမှတစ်ဆင့် အိမ်တိုင်ရာရောက် ပေးအပ်ပူဇော်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဲပုံ)**

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**



❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝ ပတ်ဝန်းကျင် ထိန်းကြစို့။

## နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေးတာဝန်များကိုထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ရှိ နယ်မြေခံတပ်ရင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ ပါဝင်တက်ရောက်ဂုဏ်ပြုကြိုဆိုကြသည်။ (အပေါ်ပုံ)

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်

စာမျက်နှာ ၁၀ သို့ ❖

## မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် ဧပြီ ၂၀

မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်း စသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

## ၂၀၂၅-၂၀၂၆ ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ အကောင်းဆုံး နည်းပြဆုကို လမ်းပတ် ဆွတ်ခူး

လန်ဒန် ဧပြီ ၂၀

၂၀၂၅-၂၀၂၆ ဘောလုံးရာသီ လိဂ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ အကောင်းဆုံးနည်းပြဆုကို ကိုဗင်ထရီအသင်းနည်းပြ လမ်းပတ်က ထိုက်ထိုက်တန်တန် ဆွတ်ခူးခဲ့သည်။

အဆိုပါ နည်းပြသည် ကိုဗင်ထရီအသင်းကို ပြိုင်ပွဲမပြီးဆုံးခင် ပရီးမီးယားလိဂ်သို့ တန်းတက်ခွင့်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ခြင်းကြောင့် ယခုဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

နည်းပြ လမ်းပတ်သည် ကိုဗင်ထရီအသင်းကို ၂၀၂၄ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်က စတင်ကိုင်တွယ်ခဲ့ပြီး ပြိုင်ပွဲ ၇၉ ပွဲတွင် ၄၂ ပွဲ နိုင်၊ ၁၇ ပွဲသရေ၊ ပွဲ ၂၀ ရှုံး ရလဒ် ပိုင်ဆိုင်ခဲ့သည်။

အသက်(၄၇)နှစ်အရွယ်ရှိ နည်းပြလမ်းပတ်က "ကျွန်တော် အခုလို အကောင်းဆုံး နည်းပြဆုကို ဆွတ်ခူးနိုင်ခဲ့လို့ အတိုင်းမသိ ပျော်ရွှင်မိပါတယ်။ ကျွန်တော် အခုလိုဆုရရှိတာကလည်း အသင်းသားတွေရဲ့ ကြိုးစားအားထုတ်မှုကြောင့်ပါ။ နောက်ထပ်လည်း ယခုလိုဆုတွေအပြင် ကိုဗင်ထရီအသင်းနဲ့အတူ အောင်မြင်မှုများ ရယူနိုင်ဖို့ ဆက်လက်ကြိုးစားသွားမှာပါ"ဟု ပြောသည်။

(NGB)

0-0-0-0-0






## နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်လာသည့် PDF အမည်ခံအဖွဲ့ဝင် အမျိုးသား ၁၁ ဦး လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်၊ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းအပ်နှံ

နေပြည်တော် ဧပြီ ၂၀

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် PDF အမည်ခံ အဖွဲ့ဝင် အမျိုးသား ၁၁ ဦးသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြပြီး တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည် လွှဲပြောင်းအပ်နှံပွဲကို ယနေ့ နံနက်ပိုင်းတွင် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် အေးချမ်းဖြိုးခန်းမ၌ ကျင်းပပြုလုပ်သည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်များသည် မိသားစုဝင်ဆွေမျိုးများနှင့်

စာမျက်နှာ ၁၀ သို့ ○